


# တဏှာ နဲ့ ကံ
# ဘယ်ဟာကြောက်စရာကောင်းသတုံး

(၂၈ - ၁၁ - ၆၁)

၁၃၅

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၈)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# တဏှာနှင့်ကံ

# ဘယ်ဟာကြောက်စရာကောင်းသတုံး

ဟောကြားသည့်နေ့

(၂၈ - ၁၁ - ၆၁)

စာမူခွင့်ပြုချက် အမှတ် - ၁၃၂၅ (၁၉၉၇ ခု၊ နိုဝင်ဘာလ)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-ဝ၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ဝ၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးရွာတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# တဏှာနှင့်ကံ
# ဘယ်ဟာကြောက်စရာကောင်းသတုံး

ဟောကြားသည့်နေ့ ( ၂၈-၁၁-၆၁ )

ဒကာဒကာမတို့ ပြန်ပြောကြစို့တဲ့၊ လူတစ်ယောက်တည်းကနေပြီး သကာလ၊ သားကောင် ခြောက်ကောင်ကျောင်းရတယ်ဆိုတာက ဆပ္ပါဏကောပမသုတ်ပါပဲ၊ ဆ-က ခြောက်၊ ပါဏကောပမက-သတ္တဝါနဲ့တူတယ်၊ အဲဒီခြောက်ပါးသော ခြောက်ကောင်သောသတ္တဝါတွေ ထိန်းရကျောင်းရတာသည်၊ ထိန်းတတ်ကျောင်းတတ်လို့ ရှိရင်လည်း နိဗ္ဗာန်ပေါက်တယ်၊ မထိန်းတတ်မကျောင်းတတ်လို့ရှိရင်လည်း ဆွဲရာပါတယ်လို့ မှတ်ရမယ်. . . (မှန်ပါ့)။

## မျက်လုံးက မြွေ

အဲဒီတော့ ကိုယ့်ဟာကိုယ် သိတယ်ဆိုတဲ့ အဓိပ္ပာယ်ကိုလည်း ရှင်းရမယ်၊ ဥပမာ-အခုလိုပွဲလမ်းသဘင်တွေ ရှိတယ်ဆိုလို့ရှိရင်၊ အင်း. . . ဒီဥစ္စာ မြွေကဆွဲသွားတာပဲဆိုတာ လူတိုင်း သိကြပါတယ်. . . (မှန်ပါ့)။

မြွေကဆွဲသွားတဲ့အခါကျလို့ရှိရင် မြွေနောက်ကို ပုဂ္ဂိုလ်က လိုက်သွားတယ်၊ ပုဂ္ဂိုလ်ကလိုက်သွားတော့ ဥပမာ ရှုပ်ထွေးနေတဲ့ အထဲ တိုးဝှေ့နေရတဲ့အထဲ ဗရုတ်သုက္ခတွေအထဲမှာ ရောက်သွားတယ်၊ အဲဒါ မျက်လုံးပေါက်က အကောင်က သန်ရာဆွဲလို့ ပါသွားတာ. . . (မှန်ပါ့ဘုရား)။

## လျှာကအိမ်ခွေး

အဲဒါ. . . သန်ရာဆွဲလို့ပါသွားတော့ ကိုယ်က သွားမိတော့၊ ပွဲလည်းကြည့်ရင်း တော်တော်ကြာကျတော့၊ ပွဲကြည့်ရင်း မတ္တာနဲ့ ဆာလောင်မွတ်သိပ်လာတော့၊ အစာအဟာရကလေး စားကြပြန်တယ်၊ စားကြပြန်တော့ အိမ်ခွေးဆွဲတဲ့ဘက် ပါသွားပြန်ရော (မှန်ပါ့) တော်တော်ကြာကျတော့ ငိုက်မြည်းလာပြီဆိုမှဖြင့် တောခွေးဆွဲတဲ့ဘက် ပါသွားပြန်ရော. . . (မှန်ပါ့ဘုရား)။

၄

## ကိုယ်ကတောခွေး

ကိုယ်က နိုင်တာကိုမပါဘူး. . . (မပါပါဘုရား) သူတို့ ဆွဲရာသာ ကိုယ်ပါနေတယ်ဆိုတာ မောင်သစ်တို့ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီသားကောင်ခြောက်ကောင်မှာ ကျောင်းရတဲ့ လူက တစ်ယောက်တည်း၊ ဆွဲတဲ့ပုဂ္ဂိုလ်က ခြောက်ကောင် ဆိုလို့ရှိရင်ဖြင့်တဲ့၊ ဒါကြောင့် ဒွါရခြောက်ပေါက်၊ သားကောင် ခြောက်ကောင်သည်၊ ဒကာ ဒကာမတွေဟာ ဆွဲရာပါပြီး သကာလ နေသောကြောင့် သေရာနေရာ မရွေးနိုင်ဘူး. . . (မှန်ပါ့ဘုရား) နေတာလည်း နေရာမရွေးနိုင်ဘူးဆိုတာ မှတ်ရမယ် (မှန်ပါ့ဘုရား) သေတာ (နေရာမရွေးနိုင်ပါဘုရား) နေတာ (နေရာမရွေးနိုင်ပါဘုရား)။

မျက်လုံးပေါက်က ဆွဲသွားတယ်၊ မျက်လုံးပေါက်က မြွေကိုး၊ သူက အရှုပ်ကြိုက်တယ် (မှန်ပါ့) ပွဲလမ်းသဘင် လူတွေထဲ တိုးဝှေ့ပြီး နေရလို့ရှိရင်၊ သူက မြွေဆိုတာက ကွင်းပြင် လွှတ်လို့မှ မရဘဲ ဦးသံဒိုင် . . . (မှန်လှပါဘုရား) အရှုပ်ထဲပဲ သွားလေ့ရှိတယ်။

အရှုပ်ထဲသွားတဲ့အခါကျတော့၊ မြွေဆွဲရာ မျက်လုံးပေါက်ဆွဲရာကို၊ မျက်လုံးပေါက်က စိတ်တွေကဆွဲရာကို ပါသွား

တယ် (မှန်ပါ့) ပါသွားတဲ့အခါကျလို့ရှိရင်ဖြင့် . . . တဲ့၊ ဒီပုဂ္ဂိုလ်တွေသည် အဆင်းအာရုံ ကာမဂုဏ်ထဲမှာ မျောတော့တာပဲ . . . (မှန်ပါ့ဘုရား)။

ဒီလိုမျောနေကြမယ်ဆိုလို့ရှိရင်ဖြင့် . . . တဲ့၊ ဘယ်မှာ သာလျှင် ခင်ဗျားတို့ လွတ်မလဲ မျက်လုံးပေါက်က ပဋိစ္စသမုပ္ပါဒ် လာပြီလို့ ယနေ့ရှင်းလိုက်ပါ . . . (မှန်ပါ့ဘုရား)။

မျက်လုံးပေါက်က ပဋိစ္စသမုပ္ပါဒ်ဆိုတာ စက္ခုံစ ပဋိစ္စ မျက်လုံး အကြည်ရုပ်၊ ရူပေစဆိုတာ ပွဲလမ်းသဘင်၊ စက္ခုဝိညာဏ် ဥပ္ပဇ္ဇတိဆိုတာ ပေါ်လာပြီ 'တိဏ္ဏံ သင်္ဂတိဖဿော ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာဥပါဒါန်၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာဇာတိ ဇာတိဆိုတော့ အပါယ်ဇာတိ လာပစ်လိုက်တာပဲ . . . (မှန်ပါ့ဘုရား)။

သေရင် အပါယ်ဇာတိလာတယ် (မှန်ပါ့) ဇာတိလာပြီးလို့ရှိရင် ဇရာမရဏ ဒုက္ခသစ္စာကြီးဟာ ဦးသံဒိုင် ပြေးလို့ လွတ်ပါ့မလား . . . (မလွတ်ပါဘုရား)။

မျက်လုံးပေါက်က ပဋိစ္စသမုပ္ပါဒ် တန်းသွားပြီ . . . (မှန်ပါ့) မြွေဆွဲရာ ပါသွားလို့ အရှုပ်ထဲ ရောက်သွားလို့ အပါယ်ပါ ရောက်သွားပြီဆိုတာ သဘောကျကြပလား (ကျပါပြီဘုရား)။

ဟိုက ဥပမာ၊ တကယ့်ဖြစ်စဉ်က အခုပြောတဲ့ ပါဠိ

တော်လို့ မှတ်လိုက်ပါ . . . (မှန်ပါဘုရား) စကြုံစ ပဋိစ္စရှုပေစ . . . (ပေယျာလ) ကမ္မဘဝေါ ကာယကံ ဝစီကံတွေလည်း လုပ်ကြမှာပဲနော် . . . (မှန်ပါ)။

ကမ္မ ဘဝပစ္စယာ ဇာတိ၊ ဇာတိဆိုတာ ဒီမျက်လုံးပေါက်က ဆွဲလို့သွားတဲ့ ဇာတိဟာ၊ အပါယ်ဇာတိမှ တစ်ပါးဒို့ပြင် ဇာတိကို မောင်သစ် ရွေးလို့ရပ့ါမလား . . . (မရပါဘုရား) မရဘူး။

အဲဒီတော့ ကျုပ်ဇာတိ ရှာချေဦးမယ်ဆိုပြီး သွားဖို့ကောင်းတယ် . . . (မှန်ပါဘုရား) အပါယ်ဇာတိ ကျုပ်ရှာချေဦးမယ် . . ကျုပ် အပါယ်ကျရာက ပြန်လာတာ မကြာသေးဘူး၊ ပြန်သွားရအောင်တော့ ကျုပ်လုပ်ဦးမှာဆိုတဲ့ အဓိပ္ပာယ်ဟာ ဒါဆရာက မပြောလဲ ဓမ္မက ဖြစ်နေတာပဲ . . . (မှန်ပါ) ဆရာပြောတယ် ဆိုတာ ဖော်ပြတယ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ) ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် မြေဆွဲရာပါလဲ အပါယ်ရောက်မှာပဲ . . . (မှန်ပါ) ဒီကနေပြီး နားကလဲ တီးသံ၊ မှုတ်သံ၊ သီချင်းသံကြားပြန်တယ်ဆိုလို့ရှိရင် နားပေါက်က ပဋိစ္စသမုပ္ပါဒ်ကလဲ ဦးသံဒိုင် လာမလား . . . (လာပါတယ်ဘုရား)။

**နားကမိချောင်း**

လာရမှာပဲ . . . '**သောတဥ္စပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ**' ဆိုတဲ့ ကြားစိတ်ကလေးပေါ်မှာပဲ၊ သုံးခုပေါင်းမိတော့ ဖဿ၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ဇာတိ ဒါက မိချောင်းဆွဲရာပါတာ၊ သဘောကျပလား . . . (ကျပါပြီ)။

ဒါဖြင့် ဒွါရချောက်ပေါက်မှာ ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုးလာနိုင်သတုံး . . . (ခြောက်မျိုးလာနိုင်ပါတယ်) ခြောက်မျိုးလာနိုင်တယ် . . . တဲ့။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ သူတို့ ဆွဲရာသာ ပါနေကြလို့ရှိရင်ဖြင့် အပါယ်ငရဲက တက်ဖို့အကြောင်းမြင်ကြသေးရဲ့လား . . . (မမြင်ပါဘုရား)။

ဘာဖြစ်လို့တုံး ဆွဲရာပါလို့ . . . (မှန်ပါ့ ဆွဲရာပါလို့ပါ) မြွေဆွဲရာပါလိုက်၊ မိကျောင်းဆွဲရာ (ပါပါတယ်) ပါလိုက်တဲ့၊ ငှက်ဆွဲရာကော . . . (ပါ-ပါတယ်)။

**နှာခေါင်းက ငှက်**

ပါသွားတာပဲတဲ့၊ ငှက်ကလဲ ကောင်းကင်ဆွဲသွားတယ်

ဆိုတာပဲ၊ သူကလည်း **ယာနဥ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာန ဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော**နဲ့ သွားလေ . . . ကမ္မဘဝ ပစ္စယာ ဇာတိ . . . (မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာရှိတဲ့ ဒွါရခြောက်ပေါက်ဆိုတဲ့ သားကောင်ခြောက်ကောင်ဟာ၊ ဒကာဒကာမတွေက မနိုင်ဘဲနဲ့ သူတို့က နိုင်လို့ရှိရင်ဖြင့်၊ အပါယ်မှာနေ အပါယ်မှာ သေဆိုတဲ့ အမိပ္ပါယ် ရှင်းသွားတယ် . . . (မှန်ပါ့ဘုရား) ဘယ်မှ ရွေ့စရာ၊ ပြောင်းစရာ ရှိသေးရဲ့လား . . . (မှန်ပါ့ဘုရား)။

ဒီပဋိစ္စသမုပ္ပါဒ်ဟာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးလဲ၊ ငါ ပဋိစ္စသမုပ္ပါဒ်ဖြတ်လို့ ဘုရားဖြစ်တာ၊ ဒကာဒကာမတွေကလဲ ပဋိစ္စသမုပ္ပါဒ် ဆက်လို့ ဒုက္ခရောက်တယ်လို့ ပြောင်းပြန်မှတ်ရမယ်. . . (မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဆက်ရင် . . . (ဒုက္ခရောက်ပါတယ်ဘုရား) ဒုက္ခရောက်မှာပဲ၊ ပဋိစ္စသမုပ္ပါဒ်ပြတ်ရင် နိဗ္ဗာန်ရောက်မှာပဲ . . . (မှန်ပါ့) ဒုက္ခပိတ်မှာပဲ . . . (မှန်ပါ့) ပေါ်ပြီနော် . . . (ပေါ်ပါပြီ)။

ဒါဖြင့် ဒီဒကာ ဒကာမတွေသည် သုဂတိတောင်မှ မြင်သေးရဲ့လား မေးရင် ဘယ့်နှယ်ဖြေကြမလဲ . . . (မမြင်ပါဘုရား) မမြင်ဘူး သုဂတိတောင် မမြင်တော့ဘူး၊ ဒုဂ္ဂတိချည်း

သွားတယ် . . . (မှန်ပါ့ဘုရား) ဒုဂ္ဂတိဆိုတာ အပါယ်လေးပါး ချည်းမှတ်ပါ. . . (မှန်ပါ့)။

ဘာကြောင့်တုံးဆိုလို့ရှိရင်ဖြင့်၊ ကိုယ်မွေးထားတဲ့ သားကောင်ခြောက်ကောင် ကိုယ်မနိုင်လို့ မှတ်ပါ (မှန်ပါ့) ကိုယ့် သန္တာန်ရှိတဲ့ သားကောင် ခြောက်ကောင်ကို . . . (ကိုယ်မနိုင်လို့ ပါဘုရား)။

## လူတစ်သိန်းသေလို့ သုဂတိတစ်ယောက်မရောက်

ကိုယ်မနိုင်တော့ အင်း . . ဟင်၊ ကိုယ့်သန္တာန်မှာလဲ ပေါ်လာသေးတယ်၊ သူတို့ကလဲ အနိုင်ယူပြီး သကာလ ဒီဒကာ ဒကာမတွေကို ဆွဲရာပါသေးတယ် ဆိုလို့ရှိရင်ဖြင့် . . . တဲ့၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက လူတစ်သိန်း သေလို့ သုဂတိတစ်ယောက် မရောက်ဘူး . . . ကွဆိုတာ ဦးသံဒိုင် စကားကြီးသလား ၊ မှန်သလား . . . (မှန်ပါတယ်ဘုရား)။

စကားမကြီးပါဘူး . . . (မကြီးပါဘုရား) စကားမကြီး ပါဘူးတဲ့၊ ဖြစ်စဉ်နဲ့ ကိုက်ကြည့်ပါ . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီပဋိစ္စသမုပ္ပါဒ် မမြင်တော့ဘူး၊ တပည့် စော်ဖြင့် မပြတ်တော့ဘူးဆိုလို့ရှိရင်ဖြင့်၊ အပါယ်သံသရာကြီး ဟာ ကိုယ့်သံသရာမှတ်ပါ . . . (မှန်ပါ့ဘုရား)။

## အပါယ်လေးပါးဟာ ကိုယ့်နေရာ

အပါယ်လေးပါးဟာ . . . (ကိုယ့်သံသရာပါဘုရား). ကိုယ့်သံသရာ ကိုယ့်နေရာဌာနဆိုပြီး သကာလ သေသေချာချာ သာ မှတ်ပါတော့ ဆိုတဲ့ဥစ္စာ၊ တဏှာ ဥပါဒါန် ကံလာတယ်ဆို ကတည်းက၊ မောင်သစ်တို့ ဦးသံဒိုင်တို့က အကျိုးမပေးပါနဲ့ ဆိုလို့မရပါဘူး (မရပါဘုရား) မရဘူးနော်၊ သဘောကျကြပလား (ကျပါတယ်ဘုရား)။

အဲဒီတော့ ခဏတစ်ဖြုတ် သွားလိုက်ဦးမယ်၊ ဒကာ ဒကာမတွေ စကားယဉ်တော့ သုံးနေတယ် . . . (မှန်ပါ့) ခဏ တစ်ဖြုတ်လမ်းကလေး သွားလျှောက်ဦးမယ်၊ ဘာ့ကလေး ညာကလေး ကြည့်ရကြည်ညိုရအောင်။

သူတို့ ကြည်ညိုတာကလဲ ဒီဥစ္စာတဏှာဖြစ်လာတာ (မှန်ပါ့) တဏှာဖြစ်လာတာတဲ့ ကြည်ညိုတာမဟုတ်ပါဘူး . . . (မှန်ပါ့)။

ကြည်ညိုတာမဟုတ်ပါဘူး-တဲ့၊ တဏှာက အရှုပ်ကြိုက် လို့ မျက်လုံးက အရှုပ်ကြိုက်လို့ အရှုပ်တွေ သွားကြည့်တာ . . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဖြင့် သားကောင် ခြောက်ကောင် ကျောင်းတဲ့လူက ဘယ်နှစ်ယောက်တုံး . . . (တစ်ယောက်တည်းပါဘုရား)။

တစ်ယောက်တည်းဆိုလို့ရှိရင် ခင်ဗျားတို့ သန်ရာဆွဲသွားလိမ့်မယ်၊ သန်ရာဆွဲဆိုတာ မြွေကသန်ရင် မြွေကဆွဲမယ် . . . (မှန်ပါ့) မိကျောင်းကသန်ရင် . . . (မိကျောင်းကဆွဲပါမယ်) ငှက်ကသန်ရင် . . . (ငှက်ကဆွဲပါမယ်) အိမ်ခွေးကသန်ရင် . . . (အိမ်ခွေးကဆွဲပါမယ်) တောခွေးကသန်ရင် . . . (တောခွေးကဆွဲပါမယ်) မျောက်ကသန်ရင် . . . (မျောက်ကဆွဲပါမယ်) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာ နေစရာမမြဲ သေစရာမမြဲ ယခု ပစ္စုပ္ပန်မှာ နေရတယ် . . . (မှန်ပါ့ဘုရား)။

## ဘာ့ကြောင့်အပါယ်ရောက်ရတာတုံး

နောက် ဘဝဆုံးသွားတဲ့အခါ၊ ဒီဘဝမှ စုတိမနေသေလွန်တဲ့အခါကျတော့ကို အပါယ်လေးပါးမှာတော့ အမြဲနေရမယ်ဆိုတဲ့ဥစ္စာ၊ ဘာဖြစ်လို့နေရတာတုံးလို့ မေးလို့ရှိရင်ဖြင့်၊ သားကောင် ခြောက်ကောင် မထိန်းနိုင်လို့ . . . (မှန်ပါ့ဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီ) ဘာဖြစ်လို့ အပါယ်လေးပါးရောက်ကြရသလဲ . . . (သားကောင် ခြောက်ကောင် မထိန်းနိုင်လို့ပါဘုရား)။

မထိန်းတတ်ဘူး . . . တဲ့၊ ထိန်းတတ်လို့ရှိရင် ဒီကောင်

တွေဟာ ခင်ဗျားတို့၏ ကျေးဇူးများမှုကို ရွက်ဆောင်နိုင်ပါတယ် . . . (မှန်ပါ့)။

## မနောကမျောက်

အခုတော့ မထိန်းတတ်ဘူးဆိုကတည်းက၊ သူတို့သန်ရာ ဆွဲသွားတော့ကို ခင်ဗျားတို့မှာဖြင့်၊ မြွေကဆွဲရင် ရှုပ်တဲ့အထဲမှာ သေရမယ်၊ မိကျောင်းကဆွဲရင် ရေထဲမှာ သေရမယ်၊ ငှက်ကဆွဲရင် ကောင်းကင်သေရမယ်၊ ခွေးကဆွဲရင် မီးဖိုချောင်သေရမယ်၊ တောခွေးကဆွဲရင် သုသာန်မှာသေရမယ်၊ တောထဲမှာ သေရမယ်၊ မျောက်ကဆွဲရင် သစ်ပင်ခွကြားသေရမယ်၊ မနောဒွါရက မျောက်နဲ့တူတယ်ဆိုတာကိုး ဘုရားက (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

## ချည်တိုင်မြဲမြဲစိုက်ပါ

အဲဒီတော့ ဒီလိုလုပ်ရမယ် . . . တဲ့၊ ခင်ဗျားတို့ ဒီဟာကို ချည်တိုင်မြဲမြဲ စိုက်ရမယ်၊ ချည်တိုင်မြဲမြဲ စိုက်နိုင်လို့ရှိရင် ခင်ဗျားဘယ်လိုပဲဆွဲဆွဲ ကြာတော့ တိုင်ခြေလာဝပ်ကြမှာပဲ . . . (မှန်ပါ့) ချည်တိုင်မြဲမြဲ စိုက်နိုင်လို့ရှိရင် . . . (ချည်တိုင်လာဝပ်မှာပါပဲဘုရား။)

ဒါဖြင့် သားကောင်ခြောက်ကောင် အကုန်ချည်၊ ချည်ပြီး အလယ်က ထုံးပြီးသကာလ၊ ငုတ်ကြီးကြီး စိုက်ပြီး သကာလ ဒကာဒကာမတွေ ဖမ်းနိုင်ကြလို့ ရှိရင်ဖြင့် . . . တဲ့၊ သားကောင် ဆွဲရာကို ခန္ဓာက မလိုက်တော့ဘူး . . . (မှန်ပါ့) ကျောင်းတဲ့ ပုဂ္ဂိုလ်၏ ခြေရင်းမှာပဲ မောတာနဲ့ လာဝပ်ကြရမယ် (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

## သမာဓိတည်ကြည်မှုကိုလုပ်ပါ

ဒါဖြင့် ဘာလုပ်ရမတုံးလို့ မေးလို့ရှိရင်ဖြင့် . . . တဲ့၊ သမာဓိတည်းဟူသော တည်ကြည်မှုကိုလုပ်ပါ။ ဝိပဿနာလုပ်မယ် ကြံရင် သမာဓိတည်ကြည်မှုကို၊ တစ်ခါတည်းတည်တည် တံ့တံ့လုပ်ပါဆိုတော့ ဘာလုပ်ရမှာတုံး မေးလို့ရှိရင်၊ တစ်ခုသော အာရုံကို စူးစူးစိုက်စိုက်ကြည့်ရင် သမာဓိဖြစ်တယ် . . . (မှန်ပါ့) ဈာနပစ္စယောဆိုတာ သမာဓိကို ဟောတာ . . . (မှန်ပါ့) ဈာနပစ္စယောဆိုတာ (သမာဓိကိုဟောတာပါ)။

သမာဓိကိုဟောတာတဲ့၊ တစ်ခုသော အာရုံကို စိုက်ထား၊ ဒီအာရုံမှ ဘယ်မှမသွားတော့ဘူး၊ စိတ်က ဒီနေရာမှာပဲ ထားနိုင်တယ်ဆိုလို့ရှိရင်ဖြင့် . . . တဲ့၊ ဒါ . . . ဈာနပစ္စယော ဖြစ်ပါတယ် . . . (မှန်ပါ့ဘုရား)။

ဈာနပစ္စယော- အာရုံတစ်ခုကိုစိုက်၍ ရှုတတ်သော သဘောသည်လည်းကောင်း၊ ဒါ . . . ဘာပစ္စည်းတဲ့တုံး (ဈာနပစ္စည်းပါဘုရား) ဈာနပစ္စည်းလို့ မှတ်ထားကြပါ . . . (မှန်ပါ့)။

## ဈာန်ဆိုတာ

အဲဒါကြောင့် ဈာန်ဆိုတာသည် ဒကာ ဒကာမတို့ မြဲမြဲစွဲစွဲစိုက်ထူထားနိုင်တာ ဈာန်လို့ခေါ်ပါတယ်. . . (မှန်ပါ့ဘုရား)။

မြဲမြဲစွဲစွဲ တစ်ခုတည်းသောအာရုံကို ကိုယ့်စိတ်ကို မပြေးရအောင်ထားတာ ဘာခေါ်ကြမယ်. . . (ဈာန်လို့ခေါ်ပါတယ်)၊ ဈာန်လို့ခေါ်တယ်တဲ့။

## အာနာပါနလုပ်တဲ့ပုဂ္ဂိုလ်

အဲဒီတော့ အာနာပါနလုပ်တဲ့ပုဂ္ဂိုလ်ကလည်း၊ ကဲကွာ သတိတည်းဟူသောကြိုးနဲ့ ရိုင်းစိုင်းတဲ့သားကောင်ခြောက်ကောင်တည်းဟူသော စိတ်ကို၊ ထွက်သက်ဝင်သက် ချည်တိုင်ချည်ထားမယ်။ သတိတည်းဟူသော ကြိုးနဲ့ ရိုင်းစိုင်းတဲ့သားကောင်ခြောက်ကောင်နဲ့တူတဲ့စိတ်ကို၊ ထွက်သက်ဝင်သက်ချည်တိုင်၌ ချည်ထားမယ်ဆိုလို့ရှိရင်၊ ဒီသားကောင် ဒီစိတ်ဟာ ရိုင်း

စိုင်းတဲ့ သားကောင်ခြောက်ကောင်ဟာ မပြေးပါဘူး. . . (မပြေးပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် အာနာပါနကို ဟောတာ ဦးသံဒိုင်ရဲ့ ဟောသင့် မဟောသင့် . . . (ဟောသင့်ပါတယ်ဘုရား)၊ ဟောသင့်တယ်ဆိုတာ သဘောပါကြပလား. . . (ပါ ပါပြီဘုရား)။

ကောင်းပြီ. . ဘာဖြစ်လို့တုံးဆိုတော့ ဆွဲရာမပါ အောင်လို့ ဟောရှာတာ. . . (မှန်ပါ့ဘုရား)။

ဆွဲရာမပါအောင်လို့ဟောတော့၊ ဒကာဒကာမတွေ ဆွဲရာပါရင် သေခြင်းဆိုးနဲ့နေခြင်းဆိုးလို့ ဘုန်းကြီးတစ်နေ့က ဟောထားတယ်. . . (မှန်ပါ့ဘုရား)၊ ဆွဲရာပါရင်. . . (သေခြင်း ဆိုးနဲ့ နေခြင်းဆိုးပါဘုရား)၊ အနေမှာလည်း ခင်ဗျားတို့ ဟို ရောက် ဒီရောက်ကြနဲ့ သဘောကျပလား. . . (ကျပါပြီ)၊ အသေမှာလည်း ကုန်းသေရမလား၊ ရေသေရမလား၊ ကောင်း ကင်သေရမလားမသိဘူး. . . (မှန်ပါ့)။

သားကောင်ခြောက်ကောင်ဆွဲရာကို သန်ရာက ဆွဲပြီး ခင်ဗျားတို့ အငြိမ်နေခွင့်မပေးတာလည်း သားကောင်ခြောက် ကောင်၏ စွမ်းရည်သတ္တိလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့ ဘုရား)။

အသေနေရာမမြဲတာလည်း သားကောင်ခြောက်ကောင်တို့၏ ဆွဲရာကိုပါနေလို့ဆိုတဲ့ အဓိပ္ပါယ်မှတ်ပါ. . . (မှန်ပါ့ဘုရား)၊ ရှင်းပြီနော်. . . (ရှင်းပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ခန္ဓာကိုယ်ကြီး ရထားတဲ့ဥစ္စာ၊ သားကောင်ခြောက်ကောင်ကျောင်းဖို့ရာဆိုတာ မကျောင်းတတ်လို့ရှိရင်လည်း အနေဆိုး အသေဆိုးပဲ. . . (မှန်ပါ့ဘုရား)၊ ကျောင်းတတ်လို့ရှိရင်လည်း တိုင်ခြေလာဝပ်မယ်. . . (မှန်ပါ့)၊ ရှင်းပြီနော်. . . (ရှင်းပါပြီ)။

မကျောင်းတတ်လို့ရှိရင်. . . (အနေဆိုး၊ အသေဆိုးဖြစ်ပါမယ်)၊ ကျောင်းတတ်လို့ရှိရင်. . . (တိုင်ခြေ လာဝပ်မယ်)၊ ကျောင်းတတ်လို့ရှိရင် ဘာဖြစ်ကြမယ်ထင်သလဲ. . . (တိုင်ခြေလာဝပ်ပါမယ်)၊ တိုင်ခြေလာဝပ်မယ်ဆိုတာ သဘောပါပလား . . . (ပါ ပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ဘုန်းကြီးတို့ဒကာဒကာမတွေ တိုင်ခြေဝပ်တဲ့နည်းကိုပြောမယ်. . . (မှန်ပါ့ဘုရား)။

တိုင်ခြေဝပ်တဲ့နည်းဆိုတာက ဥပမာမယ် ဒီဟာကျတော့ ဦးသံဒိုင်က စိတ္တာနုပဿနာ အကောင်းဆုံးလို့မှတ်. . . (မှန်ပါ့ဘုရား)။

**စိတ္တာနုပဿနာအကောင်းဆုံး**

စိတ္တာနုပဿနာဟာ. . . (အကောင်းဆုံးပါ)၊ အကောင်းဆုံးပဲ။ ပဋိစ္စသမုပ္ပါဒ် စမည့် **'စက္ခုံစ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ'** ဆိုသဖြင့် မြင်စိတ်က ဆွဲမှာပဲ. . . (မှန်ပါ့ဘုရား)၊ မြင်စိတ်က စလို့ရှိရင်ဖြင့် ပဋိစ္စသမုပ္ပါဒ်အလယ်က စမလို့၊ အလယ်ကဖောက်ပြီး စမလို့ ပဋိစ္စသမုပ္ပါဒ်ကို. . . (မှန်ပါ့)။

အဲဒီအစကို ကျုပ်တို့က ဝိပဿနာဉာဏ်နဲ့ ရှုပေးရတယ်. . . (မှန်ပါ့ဘုရား)၊ မြင်တဲ့စိတ်ကို ဘာပဲမြင်မြင်၊ မြင်တဲ့စိတ်ကို ကျုပ်တို့က ဝိပဿနာရှုရှုပေး. . . (မှန်ပါ့)။

ကျုပ်တို့က ရှုလိုက်တဲ့အခါကျတော့ မြင်စိတ်က ဖြစ်ပျက် သူ့နောက်က မင်္ဂဆိုသဖြင့် ဖဿပစ္စယာ ဝေဒနာထိအောင်တော့ လာပါသေးတယ်. . . (မှန်ပါ့)။

ဘာ့ကြောင့် ဝေဒနာထိအောင် လာသတုံးလို့ မေးလို့ရှိရင်ဖြင့်၊ ဒါသဘောကလေးလည်း နည်းနည်းမှတ်လိုက်တာပေါ့. . . (မှန်ပါ့)၊ မြင်တယ်တွေ့ထိတယ်ဆိုတဲ့ ဖဿနဲ့ ခံစားတယ်ဆိုတဲ့ ဝေဒနာကတော့ မောင်သစ်တို့မှတ်၊ ဦးသံဒိုင်တို့မှတ်၊ တစ်ပြိုင်နက်ပေါ်တယ်. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား . . . (ကျပါပြီ)။

၁၇

## ဖဿနဲ့ ဝေဒနာ တစ်ပြိုင်နက်ပေါ်တယ်

မြင်တဲ့စိတ်ရယ်၊ တွေ့ထိတဲ့ဖဿရယ်၊ ခံစားတဲ့ဝေဒနာရယ်ကတော့. . . (တစ်ပြိုင်နက်ပေါ်ပါတယ်ဘုရား)။

တစ်ပြိုင်နက်ပေါ်တယ်၊ အဲ့ဒီ ဝေဒနာနောက်ကနေပြီး သကာလ တဏှာမလိုက်အောင် လုပ်နိုင်တဲ့ပုဂ္ဂိုလ်ဟာ. . . တဲ့၊ တိုင်ခြေ ကိုယ့်သန္တာန်မှာ မြင်စိတ်ကလေး မြွေကဆွဲပြီး၊ ဆွဲပင်ဆွဲငြားသော်လည်း သူ့ကိုပဲ ကျုပ်တို့က မင်းအနိစ္စပဲ၊ မင်းအနိစ္စပဲ၊ မြင်စိတ်အနိစ္စပဲဆိုတော့၊ ဝေဒနာနောက်က မဂ္ဂက လိုက်ပြီး သကာလနေတော့၊ မဂ်နဲ့ဖြတ်လိုက်တဲ့အတွက် မြင်ကာမျှမတ္တ သွားဖြစ်တယ်. . . (မှန်ပါ့ဘုရား)၊ ရှင်းပြီနော်. . . (ရှင်းပါပြီ)။

ဘာဖြစ်သွားသလဲ. . . (မြင်ကာမျှမတ္တဖြစ်သွားပါတယ်)၊ မြင်ကာမျှမတ္တဖြစ်သွားတော့ကိုတဲ့ ဒကာ ဒကာမတွေက မှတ်ရမှာက မြင်လို့စွဲလမ်းတဲ့တဏှာက မလာဘူး. . . (မှန်ပါ့)၊ မြင်လို့ခင်တာမလာဘူး၊ မြင်လို့စွဲလမ်းတာ မလာဘူး. . . (မှန်ပါ့)၊ မြင်လို့ အားထုတ်မယ်ဆိုတဲ့ ကံကော. . . (မလာပါဘုရား)။

အဲဒါ ဘာဖြစ်လို့တုံးဆိုတော့ တိုင်ခြေအဝပ်ခိုင်းလို့ရတာ. . . (မှန်ပါ့)၊ ကဲ မင်းဆွဲရာမလိုက်ဘူးဆိုပြီးသကာလ၊ သူ့ကို မနောဒွါရတည်းဟူသောတိုင်ခြေမှာ မင်းနေရမယ်. . .

(မှန်ပါ့)၊ ဝိပဿနာကို မနောဒွါရနဲ့ ရှုရမှာကိုး. . . (မှန်ပါ့)။

ဝိပဿနာကို မနောဒွါရနဲ့ရှုလိုက်တော့ မနောဒွါရ တိုင်ခြေမှာ သူလာပြီးဝပ်တာပဲ. . . (မှန်ပါ့)၊ သဘောပါပလား. . . (ပါ ပါပြီ)။

## မြင်စိတ်ဖြစ်ပျက်ရှုရင် တဏှာမလိုက်ဘူး

ဒါဖြင့် မြင်စိတ်ဖြစ်ပျက်ရှုလို့ရှိရင်ဖြင့် တဏှာလိုက် မလိုက်. . . (မလိုက်ပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)။

ဒါဖြင့် တဏှာချုပ်၊ ဥပါဒါန်ချုပ်၊ ကံချုပ်ဆိုလို့ရှိရင်ဖြင့် တဲ့၊ ခင်ဗျားတို့သားကောင်သည်၊ ခင်ဗျားတို့က ကိုင်ခြေမှာ အဝပ်ခိုင်းတဲ့သတ္တဝါကြောင့်၊ ခင်ဗျားတို့ကို အနေဆိုးလည်း မပေးတော့ဘူး . . . (မှန်ပါ့ဘုရား) အသေဆိုးလည်း (မပေးပါဘုရား)။

ဘာဖြစ်လို့တုံး၊ တိုင်ခြေမှာ သူ့ဖမ်းတယ် . . . (မှန်ပါ့) မနောဒွါရတိုင်ခြေလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ် . . . (မနောဒွါရတိုင်ခြေမှာ ဖမ်းပါတယ်) မနောဒွါရအောက်မှာ သူ့ကို ရောက်အောင်လုပ်ပေးရမယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)

ဘယ်ရောက်အောင် လုပ်ရမလဲ (မနောဒွါရရောက်အောင် လုပ်ရပါမယ်)။

## ဝိပဿနာဉာဏ်က မနောဒွါရမှာသာဖြစ်တယ်

မနောဒွါရဆိုတာ ဝိပဿနာဉာဏ်က မနောဒွါရမှာ သာဖြစ်တာကိုး . . . (မှန်ပါ့ဘုရား) ဒီပြင်ဒွါရမှာ မဖြစ်ဘူး . . . (မှန်ပါ့ဘုရား)။

အဲဒီ မနောနဲ့ တစ်ခါတည်း မြင်တယ်ဆိုသဖြင့် ဘာပဲ မြင်မြင် မြင်စိတ်ဖြစ်ပျက်ရှုပါ (မှန်ပါ့) မြင်စိတ်ဖြစ်ပျက်ရှုဆို တော့ မနောဒွါရတည်းဟူသော တိုင်ခြေမှာ သူဟာ ဝပ်နေတဲ့ အမိပ္ပာယ် ရောက်တယ် (မှန်ပါ့ဘုရား) သူဆွဲရာ ဒကာဒကာမ တွေက ပါသေးရဲ့လား . . . (မပါပါဘုရား)။

ဒါဖြင့် မြွေကိုနိုင်ပြီ၊ မြွေကိုနိုင်ပြီ၊ တိုင်ခြေမှာ ကြိုး ခြောက်ချောင်းနဲ့ စုချည်ပြီး စုတုပ်ပြီး ငုတ်စိုက်ပြီးသကာလ ထားတဲ့အတွက် သားကောင် ခြောက်ကောင်နဲ့တူတဲ့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန၊ ဒီမနတွေသည် ဒကာ ဒကာမတွေ၏ သန္တာန်၌ ဝိပဿနာအရှုခံ လာဖြစ်ရတယ်. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

ဘာလာဖြစ်ရသလဲ . . . (ဝိပဿနာအရှုခံ လာဖြစ်ရ

ပါတယ်) ဝိပဿနာအရှုခံလာဖြစ်တဲ့အတွက်-တဲ့၊ သူတို့နဲ့ သူ့ရှုစရာမရှိရင်လဲ ပဋိစ္စသမုပ္ပါဒ်မပြတ်ဘူး . . . (မှန်ပါ့ဘုရား) သူ့ရှုစရာရှိမှလဲ ပဋိစ္စသမုပ္ပါဒ်က ပြတ်တယ် . . . (မှန်ပါ့ဘုရား) ပဋိစ္စသမုပ္ပါဒ်ပြတ်ရင် နိဗ္ဗာန်ပဲ. . . (မှန်ပါ့)။

ဒါကြောင့် နေ့လည်ကပောတယ်၊ ရာဂက္ခယောဖြစ်သွားတာပဲ. . . (မှန်ပါ့)၊ ရာဂက္ခယော ဖြစ်သွားတယ်ဆိုရင် ဒေါသက္ခယောလည်းဖြစ်ပါတယ်. . . (မှန်ပါ့)၊ မောဟက္ခယောကော. . . (ဖြစ်ပါတယ်ဘုရား)၊ ရာဂလည်းကုန်၊ ဒေါသလည်းကုန်၊ မောဟလည်းကုန် အဲဒါဘာခေါ်ကြမလဲ. . . (နိဗ္ဗာန်ပါဘုရား)၊ နိဗ္ဗာန်လို့ နေ့လည်ကပောခဲ့တယ်. . . (မှန်ပါ့ဘုရား)။

## ပဋိစ္စသမုပ္ပါဒ်ပြတ်တာ နိဗ္ဗာန်

ဩော်. . . ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ပြတ်တာကို နိဗ္ဗာန်လို့ခေါ်တာကိုး. . . (မှန်ပါ့)၊ ပဋိစ္စသမုပ္ပါဒ်နဲ့ နိဗ္ဗာန်နဲ့ ဟပ်ကြည့်တော့ ဦးသံဒိုင်ပေါ်မလာဘူးလား. . (ပေါ်လာပါတယ်ဘုရား)။

သူပြတ်တာ ဘာခေါ်မယ်. . . (နိဗ္ဗာန်ခေါ်ပါတယ်ဘုရား)။ သူပြတ်တာ နိဗ္ဗာန်လို့ဆိုတော့၊ ဩော်. . . နိဗ္ဗာန်ဆိုတာ တခြားလားမှတ်နေတယ်၊ နေ့လည်ကပြောသလိုပေါ့ လေ။ အင်း. . . ဟင် ၂ ကနေ ၃ မကူးတာဟာ အမှန်ပဲ. . .

(မှန်ပါ့ဘုရား)၊ (စက်ဝိုင်းကြည့်ပါ) ၂-ကနေ ၃-မကူးတာ . . . (နိဗ္ဗာန်ပါဘုရား) ရှင်းပလား. . . (နိဗ္ဗာန်ပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

## ရာဂ၊ ဒေါသ၊ မောဟကုန်တာနိဗ္ဗာန်

နိဗ္ဗာန်ဆိုတာ ဘာတုံးအောက်မေ့နေတယ်၊ ရာဂဒေါသမောဟကုန်တာကို နိဗ္ဗာန်ခေါ်တယ်. . . (မှန်ပါ့ဘုရား) ဘယ့်နှယ်ကြောင့် နိဗ္ဗာန်မှာ ရာဂဒေါသ မောဟကုန်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ မြင်စိတ်ကဖြစ်ပျက်၊ မြင်စိတ်ဖဿဝေဒနာ တစ်ပြိုင်နက်ပေါ်လာတယ်၊ ဝေဒနာ့နောက်က ရှုတာက မင်္ဂဖြစ်ပြီးသကာလ မင်္ဂကနေပြီး ရာဂဖြတ်ချလိုက်တယ် . . . (မှန်ပါ့) ရာဂဖြတ်ချလိုက်တော့ သူနဲ့ သဟဇာတဖြစ်တဲ့ မောဟကလည်း ပြတ်တယ်. . . (ပြတ်ပါတယ်)။

သူရှိမှ အခုကောင်းတာဟာ နောက်မကောင်းတဲ့ဒေါသဖြစ်မည့်ဥစ္စာဆိုပြတ်တယ်. . . (မှန်ပါ့ဘုရား) မပြတ်ဘူးလား . . . (ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဒကာဒကာမတွေသည် မြင်စိတ် ဖြစ်ပျက် ရှုပါ၊ စက္ခုဝိညာဏံ အနိစ္စံ- ဆိုတဲ့ ပါဠိတော်ဟာ မြေဆွဲရာမပါအောင်လို့ ဟောတဲ့အဓိပ္ပာယ်ပဲဆိုတာ ယနေ့ညရှင်းသွားလိမ့်မယ် . . . (မှန်ပါ့ဘုရား)။

## နာမက္ခန္ဓာလေးပါးလုံးဖြစ်ပျက်

ဒါဖြင့် မြင်တယ်ဆိုရင် မြင်စိတ်ဘာလုပ်ကြမယ် (ဖြစ်ပျက် ရှုရပါမယ်) ဖြစ်ပျက်ရှုလိုက်တဲ့အတွက် စိတ်တွင် ဖြစ်ပျက်ဖြစ်သွားသလားဆိုတော့၊ သူနဲ့ သဟဇာတဖြစ်တဲ့ နာမက္ခန္ဓာ လေးပါးလုံး ဝေဒနာရော၊ သညာရော၊ ဖဿရော၊ ဦးသံဒိုင် ဘာဖြစ်သွားသတုံး (ဖြစ်ပျက်ဖြစ်သွားပါတယ်) အကုန် ဖြစ်ပျက်ဖြစ်သွားတယ် (မှန်ပါ့) နဂိုက တွဲဖြစ်တာကိုး။

တွဲဖြစ်တော့ အားလုံးသည်ကားလို့ ဆိုရင် အနိစ္စချည့် သွားဖြစ်တယ် . . . (မှန်ပါ့) သဘောကျပလား (ကျပါပြီ) အဲဒီ အနိစ္စချည်း သွားဖြစ်ပြီးသကာလနေတော့၊ အနိစ္စနောက်က နေပြီးသကာလ ဖြစ်ပျက်ရှုတဲ့မဂ်က လိုက်ပြီးသကာလ လာပြန် တော့၊ ဒီမဂ်ဘာဖြစ်သတုံးလို့ မေးတဲ့အခါ ဒီမဂ်က နောက် တဏှာ ဝဋ္ဋကို မကြိုက်၊ ဥပါဒါန်ကို မဖြစ်စေ၊ ကံကိုမဖြစ်စေ ဆိုတော့ တဏှာရော ဥပါဒါန်ရော ကံရော ဖြတ်ပစ်လိုက်တယ် . . . (မှန်ပါ့ဘုရား) သဘောပါကြပလား . . . (ပါ-ပါပြီ) ဘာဖြတ်လိုက်ပါလိမ့် . . . (တဏှာရော၊ ဥပါဒါန်ရော၊ ကံရော ဖြတ်ပါတယ်)။

## မဂ်သည် တဏှာဖြတ်၊ ဥပါဒါန်ဖြတ်

ဒါဖြင့် ခင်ဗျားတို့ကို အပါယ်ပို့မည့်တဏှာ၊ အပါယ်ပို့မည့်ဥပါဒါန်၊ အပါယ်ပို့မည့်ကံတွေကို ခင်ဗျားတို့ မြင်စိတ်ဖြစ်ပျက်ရှုတဲ့မဂ်သည် တဏှာလဲဖြတ်တယ်၊ ဥပါဒါန်လဲဖြတ်တယ်၊ ကံလဲဖြတ်တယ်ဆိုတဲ့အဓိပ္ပာယ်ရတယ်. . . (မှန်ပါ) မရဘူးလား . . . (ရပါတယ်ဘုရား)။

အဲဒီတော့ ဒါ. . . တိုင်ခြေမှာ ဝပ်အောင် လုပ်နိုင်လို့ပဲ . . . (မှန်ပါ့ဘုရား) ဒီသားကောင်တွေကို. (တိုင်ခြေမှာဝပ်အောင်လုပ်နိုင်လို့ပါ)။

မနောအောက်ကို အရောက် သွင်းပေးတယ်. . . (မှန်ပါ့ဘုရား) မနောဒွါရ ဝိပဿနာ ဉာဏ်အောက်ကို အရောက်သွင်းစေလိုက်တဲ့အတွက် သူကဆွဲမလို့ စတာပဲ. . . (မှန်ပါ့) ဆွဲမလို့စတာကို ကျုပ်တို့က မောင်သစ်တို့ ဦးသံဒိုင်တို့က အစဖြတ်ချလိုက်တယ်. . . (မှန်ပါ့ဘုရား)။

ဘာဖြတ်လိုက်သလဲ (အစ ဖြတ်ချလိုက်ပါတယ်) အဲ. . . ပဋိစ္စသမုပ္ပါဒ် အစကဖြတ်ချလိုက်တယ်. . . (မှန်ပါ့) စက္ခုဝိညာဏ်ကမှစပြီး မြင်စိတ်ကမှ စပြီးသကာလ မြင်တယ်၊ ခံစားတယ်၊ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်မယ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကို အစဖြတ်ပစ်လိုက်တယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ)။

ဒါဖြင့် **'ယတော ပစ္စယာနံ ခယံ အဝေဒီ'** ယတော= အကြင်အခါမှ၊ ပစ္စယာနံ= အဝိဇ္ဇာစသော အကြောင်းတို့၏၊ ခယံ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို၊ အဝေဒီ= ငါသိပြီကွ၊ ဖြစ်ကြောင်းကုန်တာကို ငါသိပြီ. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ)။

ဖြစ်ကြောင်းကုန်တာကို ငါသိပြီဆိုတော့ ဒကာ ဒကာမ တွေက အနည်းငယ်ရှုပ်ချင်ရှုပ်နေဦးမယ်၊ ဒီပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာကကို မစဘူး. . . (မှန်ပါ့) မြင်စိတ်ကစတယ် . . . (မှန်ပါ့)အဲဒီဖြစ်ကြောင်းကို သူသိတဲ့အတွက်အင်း. . . မျက်လုံးစိတ်ဆိုတဲ့ မြွေကတော့ဖြင့် ဆွဲတော့မှာပဲ. . . (မှန်ပါ့)။

အဆွဲမခံဘူးကွ ဆိုပြီးသကာလ သူ့ကို မင်းလာလို့ရှိရင် ငါ. . . သံသရာထဲ နစ်မွန်းတော့မယ်၊ အပါယ်လေးပါးထဲ ငါရောက်ရတော့မယ်၊ ရောက်ကြတော့မယ် ဆိုတာကို သိနေတဲ့ ပုဂ္ဂိုလ်ကတော့ ပေါ်လာလို့ရှိရင် သူ့ပဲ ဖြစ်ပျက်ရှုချလိုက်တယ်. . (မှန်ပါ့) သူအနိစ္စပဲ၊ သူအနိစ္စပဲဆိုပြီးသကာလ ဦးသံဒိုင်ရှုလိုက်တဲ့ အခါကျတော့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး သည်၊ ယတော ပစ္စယာနံ ခယံ အဝေဒီ=အင်း. . . သူ ကုန်ရင် ဟိုဘက်ကဟာတွေ အကုန်-ကုန်မှာပဲလို့ သူသိတယ်. . . (မှန်ပါ့ဘုရား)။

မြင်စိတ်ကလေးကို ဒို့. . . ဖြစ်ပျက် ရှုနိုင်လို့ရှိရင် တဏှာဥပါဒါန် ကံကုန်တယ်ဆိုတာ ငါသိတယ်. . . (မှန်ပါ့ဘုရား) ငါ အဲဒီလိုသိတယ်၊ သိပြီးသကာလသိတဲ့အတိုင်း ငါ . . . အလုပ် လုပ်လိုက်လို့ ငါ. . . ဘုရား ဖြစ်လာတာ . . . (မှန်ပါ့ဘုရား)။

## ပဋိစ္စသမုပ္ပါဒ် ချုပ်နိုင်လို့ ဘုရားဖြစ်တာ

ဒီလိုဆိုတော့ ပဋိစ္စသမုပ္ပါဒ် စပြီးသကာလ ဖြစ်တဲ့ တရားချုပ်နိုင်အောင်လို့ ဘုရားဖြစ်လာတာ . . . (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီ) ပဋိစ္စသမုပ္ပါဒ်စတဲ့ တရားကို ချုပ်အောင် လုပ်နိုင်တဲ့အတွက် ဘာဖြစ်သလဲ . . . (ဘုရားဖြစ်ပါတယ်) အဲဒီတော့ ဘုရားဖြစ်တာနဲ့ ခင်ဗျားတို့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ချင်တာနဲ့ ဘာမှမထူးဘူး . . . အောက်မေ့ . . . (မှန်ပါ့ဘုရား) ထူးသေးရဲ့လား . . . (မထူးပါဘူးဘုရား)။

ဘုရားလည်း လောဘ၊ ဒေါသ၊ မောဟ ချုပ်ငြိမ်းလို့ ဘုရားဖြစ်တာပဲ . . . (မှန်ပါ့) ခင်ဗျားတို့လဲ ဒီဟာ ချုပ်ငြိမ်းအောင် လုပ်လို့ရှိရင် ကိုယ့်အတန်းနဲ့ကိုယ် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်ရမှာပဲ . . . (မှန်ပါ့ဘုရား)။

ဘာမှ ခင်ဗျားတို့ ယုံမှားသံသယ ရှိမနေနဲ့ ဩော် . . . ဘုရားဖြစ်စဉ်က ဘယ်လိုဆိုတော့ ဘုရားက အခု သေသေချာချာ သူဖွင့်ပြောပြီကော၊ **ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊** ငါ့သန္တာန် ပေါ်လာတယ်၊ ငါ့စိတ်ထဲမှာ ပေါ်လာတာတဲ့၊ **အာတာပိနော ဈာယတော ဗြာဟ္မဏဿ** ဝိပဿနာရှုတဲ့ ငါဘုရားအားတဲ့ အာတာပိနော ဈာယတော ဗြာဟ္မဏဿ ဆိုတာ ဈာယတောက ရှုတာ၊ ဗြာဟ္မဏဿက မကောင်းမှုမှ အပပြုတဲ့တရား။

ငါသည် ဝိပဿနာရှုတယ်၊ ရှုလိုက်တဲ့အခါကျတော့ ယတော ပစ္စယာနံ ခယံအဝေဒီ=ပစ္စယာနံ=အကြောင်းတို့၏ ခယံ=ကုန်ရာကို၊ အဝေဒီ=ငါသိတယ်. . . တဲ့။

တဏှာ-ဥပါဒါန်၊ ကံဆိုတဲ့အကြောင်း ကုန်ရာကို ငါသိတယ်တဲ့၊ ဘာသိသတုံးမေးတဲ့အခါ ငါ. . . စက္ခုမျက်စိ ဖြစ်ပျက်ရှုလိုက်တယ် . . . (မှန်ပါ့)။

ဖြစ်ပျက်ရှုလိုက်တော့ တဏှာ၊ ဥပါဒါန်၊ ကံအကြောင်းကုန်တာ ငါသိတယ်၊ ဒါ့ကြောင့် ငါဘုရား ဖြစ်သွားတယ် . . . (မှန်ပါ့ဘုရား)။

ဒီအဓိပ္ပာယ်ကို ဒီလိုမယူကြလို့ ခက်နေတာ ဦးသံဒိုင် . . . (မှန်ပါ့) ခင်ဗျားတို့ကတော့ ဘုရားအနေကဇာတင်တယ်လို့ မှတ်နေတာပဲ . . (မှန်ပါ့)။

စင်စစ်မဟုတ်ဘူး၊ဖြစ်စတရားကို ကုန်အောင်လုပ်ကွ-တဲ့၊ (မှန်ပါ့) ပေါ်ပလား . . . (ပေါ်ပါပြီ) ဘာတဲ့တုံး . . . (ဖြစ်စတရားကို ကုန်အောင်လုပ်ရပါမယ်)။

ဒီနေရာ မျက်လုံးပေါ်မှာ ဘာတုံး၊ မြင်စိတ်ကမှ မစရင် ဘယ်ကစမလဲ . . . (မှန်ပါ့) ကြားစိတ်ကမှ မစရင် . . . (မရပါဘုရား)။

ကြားစိတ်ကပဲ စရမယ်၊ နံစိတ်ကစရမယ်၊ နံစိတ်ကစရမယ်၊ စားစိတ်ကစရမယ် . . . ဟုတ်လား . . . (မှန်ပါ့) ယားစိတ်ယံစိတ်၊ နာစိတ်၊ ကောင်းစိတ်က စရမယ်၊ ကြံစိတ်၊ စည်စိတ်ကစရမယ် . . . (မှန်ပါ့ဘုရား) ဒါ-ပဋိစ္စသမုပ္ပါဒ် အစပဲ . . . (မှန်ပါ့)။

## အစတွေကုန်အောင်လုပ်နိုင်လို့

အဲဒီ အစတွေကို ကုန်အောင်လုပ်နိုင်တဲ့အတွက် ငါသည် ဘုရားအဖြစ်သို့ ရောက်လာပါတယ်ကွာ . . . တဲ့ ဆိုတော့၊ သူတိုင်ခြေဝပ်အောင် လုပ်နိုင်လို့ မနောဒွါရဆိုတဲ့ တိုင်ခြေမှာ မြင်စိတ်၊ ကြားစိတ် အစရှိတဲ့ ခြောက်စိတ်တွေ လာပြီးသကာလ မင်းတို့ဆွဲရာ ငါမပါဘူး၊ မင်းတို့ ဒီနေရာမှာ ဝပ်ပြီးသကာလ မင်းတို့မေးပြီ၊ မင်းတို့ဝပ်ပြီးသကာလ ဒီနေရာမှာ

အရှုခံအဖြစ်နဲ့ နေရမယ်ဆိုတဲ့ သဘောမျိုးနဲ့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သိလာလို့ ရှုပြီးသကာလ ပဋိစ္စသမုပ္ပါဒ်ကုန်ရာကို သိသွားတယ် . . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

ကုန်ရာသိတယ်ဆိုတဲ့ဉစ္စာက တခြားလို့ မှတ်မနေကြပါနဲ့တဲ့၊ အစဖြတ်လိုက်ရင် ဟိုဘက်က အကုန် ကုန်တယ် . . . (မှန်ပါ့ဘုရား) အစဖြစ်ပျက်ရှုလိုက်ရင် . . . (ဟိုဘက်က အကုန်ကုန်ပါတယ်ဘုရား) မြင်စိတ်ဖြစ်ပျက် ရှုလိုက်တော့ တဏှာ၊ ဥပါဒါန်၊ ကံ. . . ကဲ မောင်သစ် လာသေးသလား . . . (မလာပါဘုရား) အဲ . . . အစ၏ ကုန်ရာကိုသိတယ် . . . (မှန်ပါ့) မကုန်ဘဲနဲ့နေလို့ ဒီအစကို ထောင်လာမယ် ဆိုလို့ရှိရင်လဲ အပါယ်လည်း သွားဖို့ရှိတယ် . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် တဏှာ၊ ဥပါဒါန်၊ ကံ၊ ဖြစ်လာတော့ ဇာတိကျတော့ ဦးသံဒိုင်က ငြင်းလို့ရဦးမလား . . (မရပါဘုရား) မရဘူးတဲ့၊ ကမ္မဘဝပစ္စယာ ဇာတိပဲ (မှန်ပါ့) ကမ္မသတ္တေ ဝိဘဇ္ဇတိ (မှန်ပါ့) မလာသေးဘူးလား . . . (လာပါတယ်ဘုရား) ဒါဖြင့် ဘာဖြစ်ရမတုံးတဲ့၊ ဒီပေါ်တာ ဖြတ်မလား အစဖြတ်ကြမလား . . . (အစဖြတ်ရပါမယ်ဘုရား)။

အစဖြတ်လို့ရှိရင်ဖြင့် ခင်ဗျားတို့ မျက်လုံးမှာ ဘယ်က စတုံး၊ မြင်စိတ်ကစတယ် (မှန်ပါ့) နားမှာ ဘယ်ကစသတုံး (ကြားစိတ်ကစပါတယ်) အဲဒီအစဖြတ်ပစ်ရမယ် . . . (မှန်ပါ့) သဘောပါလား . . . (ပါ-ပါတယ်)။

ကြံစိတ်လာတယ်ဆိုရင် ကြံစိတ်ကစဖြတ် . . . (မှန်ပါ့) ကြံပြီးသကာလ ခင်ဗျားတို့ ကိုယ့်အကြံကလေးကို သဘောကျတာ ကိုယ့်အကြံကလေးကို မမေ့အောင် စွဲလမ်းနေတာ . . . ကိုယ့်အကြံကလေးအတိုင်း နောက်ထပ် အားထုတ်မယ် ဆိုတာတွေကလဲ မနောဒွါရကလဲ ပဋိစ္စသမုပ္ပါဒ်မလာပေဘူးလား (လာပါတယ်ဘုရား)။

ထိုကဲ့သို့ လာခဲ့သည်ရှိသော်၊ ခင်ဗျားတို့ ကြံမှုသည် ကြံစ စိတ်ကို ဖြစ်ပျက်မရှုတော့ပါဘူး ဆိုလို့ရှိရင်ဖြင့် . . . တဲ့၊ ကြံလေ အပါယ်ရောက်လေပဲ . . . (မှန်ပါ့) ဆိုထိုက်-မဆိုထိုက် (ဆိုထိုက်ပါတယ်ဘုရား)။

ကြံတာကတခြား ကြံတာမှမဟုတ်ဘဲကိုး၊ စီးပွားရေး ကြီးပွားရေး ကြံတာကိုး . . . (မှန်ပါ့) ကဲ. . . ဒါဖြင့် သဘောပါကြပလား . . . (ပါ-ပါပြီဘုရား)။

## ဘယ်နှစ်စိတ်ကို ရှုရမှာတုံး

ဒါဖြင့် ဒကာဒကာမတို့ ဘယ်နှစ်စိတ်ကို ရှုရမှာတုံး (ခြောက်စိတ်ကို ရှုရမှာပါဘုရား) ခြောက်စိတ်ဆိုလို့ရှိရင်ဖြင့်တဲ့ တိုတိုပြောရင် ခြောက်စိတ်ပဲရှိပါတယ် . . . (မှန်ပါ့) မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ဟုတ်လား . . . (မှန်ပါ့) ယားစိတ် ယံစိတ်၊ နာစိတ်၊ ကြံစိတ်၊ ဒီစိတ်တွေကို ခင်ဗျားတို့ နိုင်ကြမယ် ဆိုလို့ရှိရင်၊ ဖြစ်ပျက်လာတိုင်း ရှုနိုင်ကြမယ်ဆိုလို့ရှိရင်၊ ပဋိစ္စ သမုပ္ပါဒ် အစက ပြတ်ပါတယ် . . . (မှန်ပါ့ဘုရား)။

ဘယ်က ပြတ်သလဲ (အစကပြတ်ပါတယ်ဘုရား) အစက ပြတ်တယ်ဆိုကတည်းက ဒကာဒကာမတို့ သိတဲ့အတိုင်း တဲ့ အစက ပြတ်သွားတယ် ဆိုလို့ရှိရင်ဖြင့်၊ ခင်ဗျားတို့ ကျုပ်တို့ ၏ ပဋိစ္စသမုပ္ပါဒ်ကံတွေဟာ လာပါဆိုလို့လဲ မလာတော့ပါဘူး . . . (မလာပါဘုရား) လာနိုင်သေးရဲ့လား . . . (မလာနိုင်ပါ ဘုရား) မလာနိုင်ဘူးတဲ့၊ အကယ်၍ ခင်ဗျားတို့ အစက မပြတ် ဘူးဆိုလို့ရှိရင်ဖြင့်၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံဆိုတာ မလာပေဘူးလား . . . (လာပါတယ်ဘုရား)။

အဲဒီတော့ကိုတဲ့၊ ယနေ့ည ပြောစရာက ခင်ဗျားတို့ မြဲမြဲမှတ်ထားပါ၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကံနဲ့ တဏှာကို ထူးခြားတာပြောလိမ့်မယ်. . . (မှန်ပါ့)။

ကံနဲ့တဏှာ ထူးခြားတာပြောလိမ့်မယ် . . . (မှန်ပါ့) ကံဟာ နောက်ကမဟုတ်လား၊ တဏှာကရှေ့က၊ တဏှာဥပါဒါန် ကံကို (မှန်ပါ့) တဏှာက ဘာတဲ့ . . . (ရှေ့ကပါ) ကံက . . . (နောက်ကပါဘုရား)။

ကောင်းပြီ၊ တဏှာမလာရင် ကံမလာပါဘူး . . . (မှန်ပါ့) လာနိုင်ပါ့မလား . . . (မလာနိုင်ပါဘုရား) တဏှာမလာရင် (ကံမလာပါဘုရား)။

ကောင်းပြီ တဏှာမလာရင်ကံမလာဘူး၊ တဏှာလာ ရင်. . . (ကံလာပါတယ်) ကံလာမယ်ဆိုတာကော သေချာကြ ပလား (သေချာပါပြီ)။

အဲဒီတော့ ဒီလိုမှတ်ထားကြပါတဲ့၊ ဒါကြောင့် တဏှာကို သမုဒယသစ္စာဖွဲ့တာ . . . (မှန်ပါ့) တဏှာကို ဘာသစ္စာဖွဲ့ပါ လိမ့်၊ (တဏှာကို သမုဒယ သစ္စာဖွဲ့ပါတယ်ဘုရား)။

သမုဒယသစ္စာဖွဲ့တယ်၊ ဖွဲ့မှာပဲ၊ ဘယ့်နှယ်ကြောင့် ဖွဲ့ရသတဲ့းမေးတော့ တဏှာမရှိတဲ့ပုဂ္ဂိုလ်မှာ ကြည့်-နေ့လယ်က ရွတ်တဲ့ပါဠိမှာ **ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော ဣဒံ ဝုစ္စတိ ဘိက္ခဝေ နိဗ္ဗာနံ** ရာဂ ဒေါသ မောဟကုန်ရင် နိဗ္ဗာန်ပဲကွ. . . (မှန်ပါ့) မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။

## ကံချုပ်လို့ နိဗ္ဗာန်မခေါ်ဘူး

ဒါဖြင့် တဏှာချုပ်ရင် နိဗ္ဗာန်ခေါ်တာပဲ . . . (မှန်ပါ့) ကံ ချုပ်လို့ နိဗ္ဗာန်မခေါ်ဘူး (မခေါ်ပါဘုရား) သဘောကျပလား (ကျပါပြီ)။

ကိုင်း . . . ဒါဖြင့် ဒါကလေး ရှင်းပြပါမယ်၊ ဒကာဒကာမ တို့ တဏှာဟာ ဘာလုပ်တတ်သတုံး၊ ဘုရားက အင်္ဂုတ္တိုရ် ပါဠိတော်ကျတော့ တဏှာဟာ အပ်ချုပ်သမားနဲ့ တူတယ်လို့ ဟောတယ် . . . (မှန်ပါ့)။

အပ်ချုပ်သမားဟာ ဘာလုပ်တတ်သတုံး၊ အပ်ချုပ် သမားဟာ အဝတ်နှစ်ထည်ကွဲပြီးနေစေကာမူ စပ်တတ်တယ် (မှန်ပါ့) အဝတ်နှစ်ထည်ပြတ်ပြီး နေစေကာမူ (စပ်တတ်ပါတယ် ဘုရား)။

ထို့အတူပဲတဲ့၊ တဏှာရှိမှ ဟိုဘဝဒီဘဝဆက်တာ (မှန်ပါ့) တဏှာမရှိလို့ရှိရင် . . . (မဆက်ပါဘုရား)။

## တဏှာရှိမှ ဟိုဘဝ ဒီဘဝဆက်တာ

ဒါဖြင့် ခင်ဗျားတို့က ဩော် . . . ကံက ဆက်ပေးတယ် လို့ ထင်ချင်ထင်နေတယ် . . . (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် တဏှာအပ်ချုပ်သမားနဲ့တူတယ်လို့ အင်္ဂုတ္တိုရ်ပါဠိတော်ကြီးမှာ ဟောထားတယ် . . (မှန်ပါ့) တဏှာသည် ဆက်တတ်တယ် . . . (မှန်ပါ့) တဏှာသည် ဘာတုံး . . . (ဆက်တတ်ပါတယ် ဘုရား)။

ဟိုဘဝ ဒီဘဝကဲလေ . . . (ဆက်တတ်ပါတယ်ဘုရား) ဆက်တတ်တယ်. . . တဲ့၊ ဘယ်လောက် ဆက်တယ်ဆိုလို့ရှိရင် ခင်ဗျားတို့ စဉ်းစားကြည့်ပါတဲ့၊ တဏှာဆက်တယ် မဆက်တယ်ကို၊ ကိုယ့်သမီးတစ်ယောက်နဲ့ တခြားသောသားနဲ့ အိမ်ထောင်ကျတယ်နော် . . . (မှန်ပါ့)။

ဒီအမေအဖေ ယောက္ခမ မိဘလုပ်တဲ့ပုဂ္ဂိုလ်က တဏှာဘယ်လိုဆက်သတုံးဆိုလို့ရှိရင်၊ ပထမသမီးနဲ့ သားမက်နဲ့ ဆက်လိုက်တာလဲ တဏှာပဲ (မှန်ပါ့ဘုရား) သားမက်နဲ့ ပတ်သက်ပြီး သားမက်၏ ညီတွေ အစ်ကိုတွေကိုလဲ ခင်ရမင်ရတာပဲ (မှန်ပါ့ဘုရား) ဘယ်သူတုံး ဒါ . . . (တဏှာပါဘုရား)။

ဒါဖြင့် သူအပ်ချုပ်သမားတွေလို သွားမှာပဲ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီ) ဘာလုပ်တတ်သတုံး . . . (အပ်ချုပ်သမားတွေလို ဆက်စပ်သွားတတ်ပါတယ်) ရှင်းပလား . . . (ရှင်းပါပြီ) ဒါဖြင့် ဘုံဘဝတွေ ဆက်သွားတာလဲ ဘယ်သူလို့ထင်သတုံး . . . (တဏှာပါဘုရား)။

## တဏှာသည်အပ်ချုပ်သမား

ဩော်. . . တဏှာပဲထင်တယ်နော်. . . မှန်ပါတယ် တဲ့ တဏှာသိဗ္ဗိနီလို့ ဟောတယ်၊ တဏှာ-တဏှာသည်၊ သိဗ္ဗိနီ=အပ်ချုပ်သမားနဲ့တူ၏ . . . (မှန်ပါ)။

အပ်ချုပ်သမားသည် ဘာတုံး၊ အထည်တစ်ခုနဲ့ အထည်တစ်ခုကို ဆက်စပ်တတ်လို့ အပ်ချုပ်သမားလို့ ဆိုကြဘိ သကဲ့သို့၊ တဏှာသည် ရှေးဦးစွာ သမီးခင်တယ်၊ သမီးခင်လို့ ရှိရင်တော့ သားမက်ခင်ရတော့မှာပဲ . . (မှန်ပါ)။

အင်း . . ဟင်. . သူက မွေးဖွားတဲ့ သားသမီးလေး တွေကော. . (ခင်ပါတယ်ဘုရား) သားမက်နဲ့ပတ်သက်တဲ့ ညီအစ်ကိုမောင်နှမတွေကော . . . (ခင်ပါတယ်ဘုရား) သားမက်နဲ့ခင်တဲ့ ပုဂ္ဂိုလ်တွေကော . . (ခင်ပါတယ်ဘုရား)။

ဘယ်သူက ဆက်စပ်သွားတာတုံး . . (တဏှာက ဆက်စပ်သွားတာပါဘုရား) ဒါဖြင့် အပ်ချုပ်သမားနဲ့ တူ-မတူ . . (တူပါတယ်ဘုရား)။

ဒါဖြင့် မစလေနဲ့၊ စရင်ခက်မယ် . . (မှန်ပါဘုရား) ဆက်တော့မှာပဲ၊ အကုန်ရှောက်ချုပ်မှာပဲ . . (မှန်ပါ) ဟိုဟာ လဲမကင်းဘူး၊ ဒီဟာလဲမကောင်းဘူး၊ ဒီဟာလဲပစ်ထားလို့ မတော်ဘူး၊ ဒီဟာလဲ ဒီအတိုင်းနေလို့မတော်ဘူး . (မှန်ပါ)။

ဦးသံဒိုင် ဘယ်သူ့သတ္တိတွေ ထင်နေသတုံး . . (တဏှာသတ္တိတွေပါဘုရား)။

ဒါဖြင့် အဲဒီပစ္စုပ္ပန်မှာ ဆက်တာမြင်သဖြင့် ဟိုဘဝ ဒီဘဝဆက်တာလဲ ဘယ်သူထင်ကြသလဲ . . (တဏှာပါဘုရား) တဏှာပဲ. . (မှန်ပါ့) ရိပ်မိပလား. . (ရိပ်မိပါပြီ)။

## ကံကဆက်ပေးတာလို့ထင်ကြတယ်

အဲဒါ ခင်ဗျားတို့က ဗြုန်းခနဲ တွေးလိုက်တဲ့အခါ ကျတော့ ကံကဆက်ပေးတာလို့ ဒီလိုထင်ကြတယ် . (မှန်ပါ့) ကံနဲ့ ပဋိသန္ဓေနဲ့နီးတယ် . . (မှန်ပါ့)။

နီးတော့ နီးတာအမှန်ပဲ၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကနီးတော့ နီးပါတယ်. . တဲ့၊ နီးပင် နီးငြားသော်လဲ တဏှာချုပ်ငြိမ်းတဲ့လူတော့ မဆက်ဘူးတဲ့. . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ) တဏှာချုပ်ငြိမ်းတဲ့လူကျတော့. . (မဆက်ပါဘုရား)။

တဏှာချုပ်ငြိမ်းတဲ့ လူကျတော့ ကံမှမလာဘဲ. . . (မှန်ပါ့) လာနိုင်သေးရဲ့လား. . (မလာနိုင်ပါဘုရား) မလာနိုင်တော့ အဆက်သမားစင်စစ် အရင်းကျကျ ပင်ရင်း တွေးမယ်ဆိုလို့ရှိရင် ကံကို မဆိုကြပါနဲ့ . . (မှန်ပါ့) ဘာကို ဆိုရမလဲ. . (တဏှာသာဆိုရပါမယ်ဘုရား). ရှင်းပလား. . (ရှင်းပါပြီ)။

သားမက်နဲ့စပ်တဲ့ ဥပမာလဲ ပြောခဲ့ပါပြီ၊ ခင်ဗျားတို့ကို သားမက်နဲ့ စပ်တာတွေဟူသရွေ့ဟာ အကုန်ခင်ရမှာ၊ ကြင်ရမှာ ချည့်ပဲ. . (မှန်ပါ့) ဘယ်သူက ဆက်စပ်သွားတာတုံး (တဏှာက ဆက်စပ်သွားတာပါ) တဏှာက ဆက်စပ်သွား တယ်ဆိုတဲ့ဥစ္စာ ရိပ်မိကြပလား. . (ရိပ်မိပါပြီ)။

## ဘယ်သူ့သတ္တိထင်သတုံး

ဒါဖြင့် တဏှာဟာ အပ်ချုပ်သမားနဲ့ တူမတူ. . (တူပါတယ်ဘုရား) ဒါဖြင့် သူမသေသရွေ့ ကာလပတ်လုံး တစ်ဆက်တည်းဆက်ပေးနေမှာပဲ. . (မှန်ပါ့) လူ စုတိနဲ့ ခွေးပဋိသန္ဓေနဲ့လဲဆက်မှာပဲ. . (မှန်ပါ့) ခွေးစုတိနဲ့ အပါယ်ပဋိသန္ဓေနဲ့ကော (ဆက်မှာပါပဲဘုရား) ဘယ်သူ့သတ္တိထင်သတုံး . . . (တဏှာသတ္တိပါဘုရား)။

ဒါကြောင့် တဏှာကို ဘုရားက သိဗ္ဗိနီ-အပ်ချုပ်သမားနဲ့တူတယ်လို့ ဟောလိုက်တာ . . (မှန်ပါ့ဘုရား)။

ကံကတော့ကို အကျိုးပေးတာနဲ့တော့ နီးပါတယ်၊ နီးပင်နီးငြားသော်လဲ တဏှာချုပ်ငြိမ်းတဲ့ပုဂ္ဂိုလ်၊ ကံဘာမှမတတ်နိုင်ဘူး . . (မှန်ပါ့) ရှင်းပလား. . (ရှင်ပါပြီ)။

တဏှာချုပ်ငြိမ်းတဲ့ပုဂ္ဂိုလ်. . (ကံဘာမှ မတတ်နိုင်ပါဘုရား) ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက

တဏှာနိရောဓာ ဥပါဒါန နိရောဓော. . (မှန်ပါ့) ဥပါဒါန နိရောဓာ (ကမ္မဘဝနိရောဓော) ကမ္မဘဝ နိရောဓောဆို တော့၊ ဩော်. . တဏှာသာချုပ်လို့ရှိရင်ဖြင့် ဒီပြင်ဟာတွေက သူ့ အကူအညီရမှ ဆက်စပ်နိုင်တာ (မှန်ပါ့) သူ့ အကူအညီ မရရင်. . (မဆက်စပ်နိုင်ပါဘုရား) မဆက်စပ်နိုင်ဘူးဆိုတာ ရှင်းပလား (ရှင်းပါပြီ)။

**တဏှာနဲ့ကံ၊ဘယ်ဟာကြောက်စရာကောင်းသတုံး**

ဒါဖြင့် ခင်ဗျားတို့ တဏှာနဲ့ကံ ဘယ်ဟာ ကြောက် စရာကောင်းသတုံး. . . (တဏှာကြောက်စရာကောင်းပါတယ် ဘုရား) ပေါ်ပလား . . (ပေါ်ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့သည် တဏှာကြောက်စရာ၊ ကြောက် စရာကောင်းကြောင်းဖြင့် သေသေချာချာ ရှင်းပါပြီ. (ရှင်းပါပြီ ဘုရား)။

ဘုံဘဝတွေ ကျုပ်တို့ တစ်သံသရာလုံး စုတိဒုက္ခပြီး ပဋိသန္ဓေ ဒုက္ခပေးလေသမျှ ဘယ်သူတုံး. (တဏှာပါဘုရား) စုတိက ဒုက္ခသစ္စာ . . (မှန်ပါ့) ပဋိသန္ဓေကကော. . (ဒုက္ခ သစ္စာပါ)။

အင်း. . ဒါဖြင့် ဒါကို အနန္တရပစ္စယော အခြားမရှိ အောင်ချုပ်စပ်ပေးတာ ဘယ်သူပါလိမ့်မတုံး. . . (တဏှာပါ ဘုရား) သဘောပါပလား. . (ပါပါပြီ)။

ဒါဖြင့် ကျုပ်တို့မှာတဲ့ တစ်ခုဒုက္ခနဲ့တစ်ခုဒုက္ခဆက်စပ်ပေးတာဟာ တဏှာစွမ်းရည်ပဲ. . (မှန်ပါ့ဘုရား) ပေါ်ကြပလား. . (ပေါ်ပါပြီ)။

## တဏှာမချုပ်သေးတဲ့ပုဂ္ဂိုလ်မှာ၊ကံအရေးကြီးတယ်

ကောင်းပြီဒါဖြင့် ကံတွေဟာ အလကားဖြစ်ရတော့မလားလို့မေးတဲ့အခါကျတော့၊ အို. . တဏှာ မချုပ်ငြိမ်းသေးတဲ့ပုဂ္ဂိုလ်မှာ ကံဟာအရေးကြီးတယ်. . (မှန်ပါ့ဘုရား) သေသေချာချာမှတ်ပါ. . (မှန်ပါ့) တဏှာမချုပ်ငြိမ်းသေးတဲ့ ပုဂ္ဂိုလ်မှာ. . . (ကံဟာအရေးကြီးပါတယ်ဘုရား)။

## တဏှာချုပ်ငြိမ်းရင်ကံပြုတ်တယ်

ကိုင်း. . ဒါဖြင့် ခင်ဗျားတို့ တဏှာချုပ်ငြိမ်းရင် ကံပြုတ်တယ်. . (မှန်ပါ့) တဏှာမချုပ်ငြိမ်းရင် ကံထောင်လာတယ် (မှန်ပါ့) သဘောကျပလား. . (ကျပါပြီ) တဏှာချုပ် ငြိမ်းရင် ကံပြုတ်သွားတယ်၊ တဏှာမချုပ်ငြိမ်းရင် ကံထောင် လာတယ် (မှန်ပါ့)။

ကံထောင်လာတယ်ဆိုတာ သူ့အလုပ်-လုပ်မယ်. . (မှန်ပါ့) မလုပ်ပေဘူးလား. . (လုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောလိုက်တယ်၊ တဏှာဟာကွာ. . တဲ့၊ ဘာနဲ့တူသတုံးဆိုလို့ရှိရင်၊ ကံတွေကို စုတတ်တဲ့ စုပြီးသိမ်းဆည်းတတ်တဲ့ ပုဂ္ဂိုလ် နဲ့ တူတယ် (မှန်ပါ့) သဘောကျပလား. . (ကျပါပြီ)။

တဏှာသည် ဘာနဲ့တူသတုံး. . (ကံတွေကိုစုပြီးသိမ်းဆည်းတဲ့ပုဂ္ဂိုလ်နဲ့တူပါတယ်) ကံတွေကို ကမ္မသမင်္ဂီကံတွေကို စုပြီး သိမ်းဆည်းထားတယ်. . (မှန်ပါ့) သေသေချာချာမှတ်ပါ။

## တဏှာဟာဘာနဲ့တူသတုံး

တဏှာဟာ ဘာနဲ့တူသလဲ. . (ကံတွေကိုစုပြီးသိမ်းဆည်းတဲ့ ပုဂ္ဂိုလ်နဲ့တူပါတယ်) တဏှာကသိမ်းဆည်းထားတော့ကို ကံတွေဟာက လေလိုလွင့်မသွားဘူး. . (မှန်ပါ့ဘုရား) သတ္တိတွေမလွင့်ဘူး. . (မှန်ပါ့)။

တဏှာကဆုပ်ထားတော့ ဟောဒါ အပါယ်ရောက်တဲ့ ကံကလေးကို လွှတ်လိုက်တယ်၊ လွှတ်လိုက်တဲ့အခါ၊ ဒီကံကလေးက အပါယ်အကျိုးပေးလိုက်တယ် (မှန်ပါ့ဘုရား)။

အဲဒီ ကံကုန်သွားပြန်ပြီဆိုတော့ ဒီကနေလွှတ်ပြန်တယ်. . (မှန်ပါ့)သူက စုထားတာကိုး. . . (မှန်ပါ့) တစ်ခုတစ်ခုလွှတ်ပေးနေတယ်. . (မှန်ပါ့ဘုရား)။

တော်တော်ကြာကျတော့ တိရစ္ဆာန်ဖြစ်ဖို့ ကံလွှတ်ပေးလိုက်တယ် (မှန်ပါ) လွှတ်ပေးလိုက်ပြန်တော့ တိရစ္ဆာန်ဖြစ်ရပြန်တယ်. . . (မှန်ပါ)။

အဲဒီကံကလေး ကုန်ပြန်တော့လဲ သူစုထားတာတွေ က အများကြီးကိုး. . (မှန်ပါ) အင်း. . . တော်တော်ကြာ ကျလို့ရှိရင် နတ်ခန္ဓာဖြစ်ဖို့ကိုလဲ သူကစုထားတယ်. . (မှန်ပါ) လွှတ်ပေးလိုက်ပြန်တယ်၊ အဲဒီ ကံကလေးကျတော့ နတ်ခန္ဓာကနေပြီး ကမ္ဘာဝပစ္စယာ ဇာတိလုပ်ပြန်တယ်. . . (မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီ)။

ဒါဖြင့် ခင်ဗျားတို့သည်ကံစွမ်းရည်ကို တဏှာက သိမ်းဆည်းမယူထားလို့ရှိရင် ဒီကံတွေဟာ အလကားဖြစ်တယ်. . (မှန်ပါဘုရား) တဏှာကသိမ်းဆည်း ထားလို့သာ လျှင် ကံတွေသည် အမျိုးမျိုးမပျောက်မပျက်ပဲနဲ့ အကျိုးမျိုးစုံ ပေးတယ်. . . (မှန်ပါဘုရား) ရှင်းပလား. . (ရှင်းပါပြီ)။

## ကံနဲ့တဏှာသည်ဘယ်သူကထက်သတုံး

ဒါဖြင့် ကံနဲ့တဏှာသည် ဘယ်သူကထက်သတုံးလို့ မေးလို့ရှိရင် ဘယ့်နှယ်ဖြေကြမလဲ. . . (တဏှာကထက်ပါတယ်ဘုရား) တဏှာကထက်တယ်၊ သဘောပါကြပလား (ပါပါပြီ) ကံနဲ့တဏှာ ဘယ်သူထက်ပါလိမ့် (တဏှာထက်

ပါတယ်) တရားထက်တယ်တဲ့၊ ကဲ. . ဦးသံဒိုင်နေရာကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ တရားရှိနေတဲ့ပုဂ္ဂိုလ်မှာ ငါ့မှာ ကံပေါင်း ဘယ်လောက်များစုထားပါလိမ့်မတုံးလို့ ဆိုလို့ရှိရင် ဘယ့်နှယ်ပြောကြမလဲ. . . (မရေတွက်နိုင်ပါဘူးဘုရား)။

ဒါကြောင့် အခုရှင်ဘုရင်ဖြစ်တယ်၊ နက်ဖြန် ခွေးလောက်မှ မကောင်းတဲ့ဥစ္စာဖြစ်တယ်. . . (မှန်ပါ့ဘုရား) ဒါ ဘယ်သူ့သတ္တိထင်သတုံး. . . (တရားသတ္တိပါဘုရား)။

အဲ အခုရှင်ဘုရင်ဖြစ်အောင် သူလုပ်လိုက်တယ်၊ နက်ဖြန် ခွေးလောက်မှ မကောင်းတဲ့ဥစ္စာကို သူလွှတ်ပေးလိုက် တယ် (မှန်ပါ့ဘုရား)။

လွှတ်ပေးလိုက်တော့ ဒါ့ကြောင့် ခင်ဗျားတို့သည်ကား လို့ဆိုရင်ဖြင့် ကမ္မသတ္တေဝိဘဇ္ဇတိဆိုတာက အဖျားကိုဆွတ် ဟောတဲ့ပါဠိ. . (မှန်ပါ့) စင်စစ်တော့ တရားက လွှတ်ပေးတာ (မှန်ပါ့ဘုရား) ရှင်းပလား. . (ရှင်းပါပြီ)။

ဒါဖြင့် ကံနဲ့တရား ဘယ်ဟာကြောက်စရာကောင်း သလဲ (တရားကြောက်စရာကောင်းပါတယ်)။

ဒါကြောင့် ရာဂက္ခယော၊ ဒေါသက္ခယော၊ မောဟက္ခ ယော နိဗ္ဗာန်လို့ မပြောဘူး. . (မပြောပါဘုရား) ရှင်းပလား . . . (ရှင်ပါပြီ)။

ကဲ. . ဒါဖြင့် ခင်ဗျားတို့ ဘာကြောက်ရမလဲ. . . (တဏှာကြောက်ရပါမယ်) ဘာဖြစ်လို့ ဒီလောက်ကြောက်ရတာတုံးမေးရင် (တဏှာကဆက်စပ်လို့ပါဘုရား)။

## ကံတွေကိုလွှင့်မသွားအောင်စုတတ်တယ်

အဲ. . . ဟိုဘဝ ဒီဘဝလည်းဆက်စပ်တယ်. . (မှန်ပါ့) တစ်နည်းအားဖြင့်လဲ ကံတွေကို လွှင့်မသွားအောင်၊ စုတတ်တယ်. . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) ကံတွေကို (လေလိုမလွှင့်အောင်စုတတ်ပါတယ်) ကံစေတနာတွေကို သူက မပျောက်ရဘူး (မှန်ပါ့)။

မောင်သစ်က ကံတွေလုပ်ထားတယ်၊ ကံအမျိုးမျိုးလုပ်ထားတယ်. . (မှန်ပါ့) မင်းတဏှာချုပ်အောင် မလုပ်သရွေ့ကာလပတ်လုံးတော့ ဒီကံတွေအဟောသိကံ မဖြစ်ဘူးဆိုတဲ့ ဥစ္စာမှတ် ဦးသံဒိုင် ဘယ်သူက စုထားသလဲ. . (တဏှာကစုထားတယ်) ပေါ်ကြပလား. . (ပေါ်ပါပြီ)။

ဒါကြောင့် ဩော်. . မနေ့က အကောင်းကြီးဟာ ကျုပ်ဖြင့် ဒီလိုဖြစ်လိမ့်မယ် မထင်ဘူး၊ ပြောကြတယ်. . (မှန်ပါ့) သူကလွှတ်ပေးလိုက်တာကိုး . . (မှန်ပါ့) သေကံလွှတ်ပေးလိုက်တယ် (မှန်ပါ့) ရှင်ကံ (လွှတ်ပေးလိုက်ပါတယ်)။

လွှတ်ပေးလိုက်ဆိုတော့ကို၊ အင်မတန် သူသည်ကား လို့ဆိုလို့ရှိရင်ဖြင့်၊ ကျုပ်တို့ ခင်ဗျားတို့ကို အကျိုးမျိုးစုံပေးနိုင်အောင် သူက ချယ်လှယ်နေတယ်ဆိုတာ ပေါ်သွားပြီ (ပေါ်သွားပါပြီဘုရား)။

ဒါဖြင့် ကံပေါ်မှာ တဏှာချယ်လှယ်တယ် (မှန်ပါ့ ဘုရား) ရှင်းပလား. . . (ရှင်းပါပြီ) ကံပေါ်မှာ (တဏှာချယ်လှယ်ပါတယ်ဘုရား)။

ဒါ့ကြောင့် ယနေ့ကျွန်းမာတယ်၊ နက်ဖြန်သေချင်သေတယ်၊ နက်ဖြန်ကျိုးချင်ကျိုးမယ်၊ သန်ဘက်ခါကန်းချင်ကန်းမယ်. . . (မှန်ပါ့ဘုရား)။

ဒါ. . . ဘယ်သူ့ သတ္တိထင်သလဲ (တဏှာသတ္တိပါဘုရား) တဏှာက ကျိုးတဲ့ကံ လွှတ်လို့ရှိရင်. . ကျိုးရမယ်၊ မဟုတ်ဘူးလား (မှန်ပါ့)၊ ကန်းတဲ့ကံ လွှတ်လိုက်လို့ရှိရင် (ကန်းရပါမယ်)။

## တဏှာရှိသ၍ကံမကုန်ဘူး

ဘာဖြစ်လို့တုံးမေးတဲ့အခါ၊ မနေ့က အကောင်းကြီး ဗျာဒိနေ့မျက်လုံးဘာဖြစ်သွားလို့ ကျုပ်ဖြင့် မမြင်ရတော့ဘူး၊ အစရှိသည်နဲ့ ဒါကြောင့် ခင်ဗျားတို့သည် တဏှာရှိသ၍ ကာလပတ်လုံး ကံမကုန်. . (မှန်လှပါဘုရား) ရှင်းပလား. . (ရှင်းပါပြီ)။

တဏှာရှိသရွေ့ ကာလပတ်လုံး. . (ကံမကုန်သေးပါဘုရား) ကံ ဘယ်တော့မှမကုန်ဘူး၊ ဘာဖြစ်လို့ မကုန်တာတုံး မောင်သစ်. . (တဏှာကလွှတ်လိုက်လို့ပါဘုရား) အို. . သူက စုစုထားတယ်. . (မှန်ပါ့) ဦးသံဒိုင် ဘာဖြစ်လို့ မကုန်သလဲ. . (တဏှာက စုစုထားလို့ပါဘုရား)။

ကဲ. . ခင်ဗျားတို့ တဏှာကုန်ရင် ကံအဟောသိကံ ဖြစ်ရမယ် (မှန်ပါ့) တဏှာကုန်ရင်. . (ကံအဟောသိကံဖြစ်ရပါမယ်) ရှင်းပလား. . (ရှင်းပါပြီ)။

## ဝေဿန္တရာမင်းကြီး

ကိုင်း. . ဒါဖြင့် သက်သေသာဓက လုံလောက်အောင် ပြပါဦးမယ်နော်. . (မှန်ပါ့) ဝေဿန္တရာမင်းကြီးဟာ ဘုရားဖြစ်ကာနီးမှာဖြင့်၊ ဘဝထဲမှာ လူပြည်မှာဖြင့် နောက်ဆုံး ပိတ်ဘဝဆိုရင် မလွဲပါဘူး၊ လွဲပါ့မလား. . (မလွဲပါဘုရား) နောက်သိဒ္ဓတ္ထမင်းသားဖြစ်ဖို့ ရှိတော့တာကိုး. . (မှန်ပါ့ဘုရား)။

အဲဒီ ဝေဿန္တရာမင်း လှူဒါန်းပေးကမ်းထားတဲ့ ကံတွေဟာ ဦးသံဒိုင် ဘယ်လောက်များသတုံး. . . (အင်မတန်များပါတယ်ဘုရား)။

ရေတွက်နိုင်ပါ့မလား. . (မရေတွက်နိုင်ပါဘုရား) လူ့ပြည်နတ်ပြည်ကို အကြိမ်ကြိမ်ခံစားလို့ ကုန်နိုင်ပါမလား. . (မကုန်နိုင်ပါဘုရား)။

## တဏှာဖြတ်ချတော့၊ ကံပျောက်ပျက်သွားတယ်

အဲဒီ မကုန်နိုင်တာကို ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ တဏှာဖြတ်ချလိုက်တယ်. . . (မှန်ပါ့) တဏှာဖြတ်ချလိုက်တော့ . . . ဝေဿန္တရာမင်း လှူထားတဲ့ ဘုံဘဝတွေအမျိုးမျိုး အကျိုးပေးပြီးသကာလ နေ့ဖို့ရာ ကံတွေဟာတဲ့ ပေးနိုင်သေးရဲ့လား မပေးနိုင်တော့ဘူးလား; . . . (မပေးနိုင်တော့ပါဘုရား) တစ်ခါတည်း လေလိုလွင့်သွားတယ်. . . (မှန်ပါ့)။

ဘာဖြစ်လို့တုံး တဏှာချုပ်လို့. . . (မှန်ပါ့) သိမ်းဆည်းတဲ့လူမရှိတော့ဘူး. . . (မှန်ပါ့) သိမ်းဆည်းတဲ့လူ မရှိတော့ လေလိုလွင့်ပြီး ပျောက်ပျက်သွားတယ်. . . (မှန်ပါ့ ပျောက်ပျက်သွားပါတယ်) ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ဘုရားကို သက်သေသာကေ ပြလိုက်သဖြင့် နောက်ဆုံးမိတ်ဘဝမှာ လှူလိုက်၊ တန်းလိုက်၊ ပေးလိုက်၊ ကမ်းလိုက်တာ တိုင်းပြည်နဲ့တကွ အလုံးစုံအကုန် မလှူဖူးသည် မည်သည် ဦးသံဒိုင်ရှိရဲ့လား . . . (မရှိပါဘုရား)။

အဲဒီ ကံတွေကသာ ခင်ဗျားတို့ အကျိုးပေးနေမယ် ဆိုရင် ဘုရားဖြစ်ပါ့မလားလို့ မေးလိမ့်မယ်. . . (မဖြစ်ပါ ဘုရား)။

ဒါဖြင့် ဘုရားဖြစ်တာ ဘယ့်နှယ်ကြောင့် ဘုရားဖြစ်သွားသလဲ. . . (တဏှာချုပ်လို့ပါ) ရာဂက္ခယောနော်. . (မှန်ပါ့)။

ရာဂကျွယော ပေါ်လာတယ်. . . (မှန်ပါ့) ဩော်. . . သူကုန်လို့ပါကလား. . . (မှန်ပါ့ဘုရား) ကံကုန်လို့ မဟုတ်ပါလား (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ)။

## တဏှာကုန်မှ ကံကုန်တယ်

ဒါဖြင့် တဏှာကုန်မှ ကံကုန်တယ်. . . (မှန်ပါ့ဘုရား) တဏှာမကုန်ရင် (ကံမကုန်ပါဘုရား)။

ဒါဖြင့် တဏှာသည် ကံကိုသိမ်းဆည်းတယ်ဆိုတဲ့ အဓိပ္ပာယ်ရှင်းသွားပလား. . . (ရှင်းသွားပါပြီ) တဏှာသည် (ကံကိုသိမ်းဆည်းပါတယ်ဘုရား) ကံကို သိမ်းဆည်းထားတယ် ဆိုတာဦးသံဒိုင် ရိပ်မိပလား. . . (ရိပ်မိပြီ)။

ဒါဖြင့် ခင်ဗျားတို့ ရှင်းရှင်းပြောကြပါစို့ ဘာကြောက်ရမှာတုံး. . . (တဏှာကြောက်ရမှာပါဘုရား)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက၊ အနေကဇာတိ သံသာရံ အစရှိသော ပါဠိတော်ကြီးမှာ၊ ဘုရားဖြစ်လို့ ကိုယ့်ဟာကိုယ် ကြိမ်းဝါးတော်မူတဲ့အချိန်မှာ၊ တဏှာယောကျ်ား လက်သမား၊ နောက်ခန္ဓာအိမ်ဆောက်ရလိမ့်မယ်လို့ မင်းမအောက်မေ့နဲ့တော့၊ ဟုတ်လား. . . (မှန်ပါ့) မင့် အကိုင်းအခက်နဲ့တကွ မင့်အမြစ်ကို တူးပြီးပြီဆိုတော့ ကံကို ကြိမ်းသလား. . . တဲ့၊ တဏှာကိုကြိမ်းသလား . . . (တဏှာကို ကြိမ်းပါတယ်ဘုရား)။

## ဘုရားကတဏှာကိုကြိမ်းတယ်

ကြည့်လေ၊ မင်းနောက်ကို ခန္ဓာအိမ်ဆောက်ရလိမ့်မယ် လို့ မမှတ်နဲ့တော့. တဲ့. . (မှန်ပါ့) တဏှာယောကျ်ား လက်သမား ခန္ဓာအိမ်ကို မင်းဆောက်ရတော့မယ်လို့ မင်းမမှတ်နဲ့တော့တဲ့ဆို တော့ ကံကိုမကြိမ်းဘူးဗျ. . . (မှန်ပါ့ဘုရား) ရိပ်မိပလား. . (ရိပ်မိပါပြီ) ဘာကိုကြိမ်းပါလိမ့် (တဏှာကိုကြိမ်းပါတယ်ဘုရား) ခင်ဗျားတို့ကအောက်မေ့နေတာက ကံကကြောက်စရာကောင်း တယ်ပေါ့၊ ကံများ တယ်ကြောက်စရာကောင်းပါကလား. . တဲ့၊ အင်း မရောင်ရာ ဆေးလိမ်းနေတယ်. . (မှန်ပါ့ဘုရား)။

မရောင်ရာကို (ဆေးလိမ်းပါတယ်ဘုရား) ဘာကြောက် နေကြသတုံး. . . (ကံကြောက်နေကြပါတယ်)။

## ကံကိုကြောက်နေကြတယ်

ကံကြောက်နေတယ်၊ ကံများသိပ်ကြောက်စရာကောင်း တယ်ကွာ မမြင်ဘူးလားကွ၊ မနေ့က အကောင်းကြီး၊ ယနေ့သေ ပြီကွ. . (မှန်ပါ့)။

ကံကသိပ်ကြောက်စရာကောင်းတယ်ကွ၊ အင်းအ ကြောက်ကတော့ လွဲနေပြီ. . (မှန်ပါ့ဘုရား) မဟုတ်ဘူးလား. . (မှန်ပါ့)။

## ခဲကိုခွေးကလိုက်ကိုက်တယ်

အဲဒါ ခင်ဗျားတို့ဟာ လူကြောက်- မကြောက်ပါဘူး. . တိရစ္ဆာန်ကြောက်-ကြောက်နေတာ၊ မဆိုထိုက်ဘူးလား. . (ဆိုထိုက်ပါတယ်ဘုရား) ခဲနဲ့ပစ်လိုက်တော့ကို ခဲကိုခွေးက လိုက် ကိုက်တယ်ဆိုတော့၊ ဒီခွေးသည်ခဲသာ သူကြောက်တယ်၊ ပစ်တဲ့သူ-သူမကြောက်တဲ့ အဓိပ္ပာယ်ရောက်တယ်. . (မှန်ပါ့ ဘုရား) မဟုတ်ဘူးလား. . (ဟုတ်ပါတယ်)။

## ခဲပစ်တဲ့လူသာလိုရင်း

အဲဒီတော့ စင်စစ်ပစ်တဲ့လူသာ လိုရင်းပဲ၊ ခဲကလိုရင်းမှမ ဟုတ်ဘဲ၊ မဟုတ်ဘူးလား. . (မှန်ပါ့) ပစ်တဲ့လူသေရင် ခဲမလာဘူး (မှန်ပါ့)။

အဲဒီတော့ ပစ်တဲ့လူကို လိုက်ကိုက်ရမယ်. . (မှန်ပါ့) ခဲလိုက်ပြီးကိုက်နေတယ်၊ ဒီခွေးဟာလေ. . (မှန်ပါ့) ခင်ဗျားတို့ အခုပြောနေတာလဲ ခဲလိုက်ကိုက်နေတာ. . (မှန်ပါ့ဘုရား) ကံကြောက်တယ်၊ ကျုပ်တော့ ကံတော့သိပ်ကြောက်တယ်. . (မှန်ပါ့) ဘာကြောက်ကြတာတုံး. . (ကံကြောက်ကြတာပါ) ဟာ သွားပြီပေါ့၊ ခင်ဗျားတို့ တိရစ္ဆာန် ကြောက်ကြောက်နေတာ . . . (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီ)။

တိရစ္ဆာန်ကြောက် ကြောက်နေတာဟာ အကျိုးကြောက်နေတာ. . (မှန်ပါ့) အကျိုးကို ကြောက်နေတာ (မှန်ပါ့ဘုရား) အကြောင်းက ဘယ်သူပါလိမ့်. . (တဏှာပါ ဘုရား)။

## တဏှာကပစ်တာ

အဲ. . တဏှာကပစ်တာ. . (မှန်ပါ့ဘုရား) လူပစ်တဲ့ခဲလူခဲပစ်တာလဲ တဏှာကပစ်တာ. . (မှန်ပါ့ဘုရား) နတ်ဖြစ်အောင်လဲ. . နတ်ခဲပစ်တာ (တဏှာပစ်တာပါ) တဏှာကပစ်လိုက်တာ. . (မှန်ပါ့) အဲဒါ ခင်ဗျားတို့က အင်း-ကံကြောင့် ကံကြောင့် ကံမျှ တယ်ဆန်းကြယ်တယ်. . (မှန်ပါ့)။

အံမာ ခင်ဗျားတို့က အတော်ဆိုးတဲ့လူတွေ အကြောင်းအကျိုးမသိတော့ ပြောချင်တာပြောနေတာပဲ. . (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ)။

ဒါဖြင့် ဘာကြောက်ရမလဲ. . (တဏှာကြောက်ရပါမယ်) တဏှာကြောက်ရမည့်ဥစ္စာ. . တဲ့၊ တဏှာက စုထားပြီး တစ်ခုချင်း လွှတ်ပေးနေတာ. . (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီ)။

ဒါဖြင့် ဘာကြောက်ကြမယ်. . (တဏှာကြောက်ရပါမယ်ဘုရား) တဏှာကြောက်ရမယ်ဆိုတာ သဘောကျပလား. . (ကျပါပြီ)။

## ယနေ့ကာစပြီးပြင်ပါ

ဒါဖြင့် ဒကာဒကာမတွေ ယနေ့ကစပြီးသကာလ ပြင်ပါဦး. . (မှန်ပါ့ဘုရား) ကျုပ်ဖြင့် ကံအကြောက်ဆုံးပဲ. . ကို၊ ကျုပ်ဖြင့် တဏှာအကြောက်ဆုံးပဲသာ ပြင်ကြပါ. . (မှန်ပါ့ဘုရား)

ဘယ့်နှယ်ပြင်ကြမယ်. . (တဏှာအကြောက်ဆုံးပဲလို့ ပြင်ရမှာပါဘုရား) ပြင်ရဲပါ့မလား. . ခင်ဗျားတို့ (ပြင်ရဲပါတယ်ဘုရား) မိဘာရိုးရာကြီး စွန့်မှစွန့်ရဲပါ့မလား. . (စွန့်ရဲပါတယ်ဘုရား)။

## မိဘာရိုးရာကြီးစွန့်ရမယ်

ဟင်. . (စွန့်ရဲပါတယ်ဘုရား) အမှန်ပြောလာလို့ရှိရင်တော့ စွန့်ရမယ် (မှန်ပါ့)။

ဩော်. . သမုဒယမသေတော့ ဒုက္ခဖြစ်တာပဲ. . (မှန်ပါ့ဘုရား) သူက တန်းနေတာပဲ. . (မှန်ပါ့ဘုရား) မတန်းဘူးလား (တန်းပါတယ်)။

သမုဒယမသေလို့ ဒုက္ခဖြစ်တာ၊ ကျုပ်တို့ အိုရ နာရ သေရ ရောဂါဝေဒနာတွေရကြ . . (မှန်ပါ့) သမုဒယမချုပ်လို့ ဒုက္ခဖြစ်ရတာ. . . (မှန်ပါ့ဘုရား) ဒီလိုရေးရင် မှန်တာ သူ့ဟာ (မှန်ပါ့ဘုရား)။

အခုတော့ ကံမကောင်း အကြောင်းမသင့်လို့ ဖြစ်ရ

တယ်ဆိုတော့ ဘယ်မှာ ဒီကံနဲ့ ဘာဆိုင်တာတုံး၊ ဘာမှမဆိုင်ဘူး (မှန်ပါ့ဘုရား)၊

## ကံကအစေခံ၊ မန်နေဂျာကတဏှာ

တဏှာကကံ လွှတ်ပေးလို့ ကံက အကျိုးပေးရရှာတာ. . (မှန်ပါ့ဘုရား) ဟိုကအစေခံ မန်နေဂျာက တဏှာ. . (မှန်ပါ့ဘုရား) မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။

အဲဒီမန်နေဂျာနဲ့ အစေခံနဲ့ကို ခင်ဗျားတို့က မကွဲဘူး. . (မှန်ပါ့) တစ်ခါတည်း အစေခံသာရိုက်ချင်တာပဲ. . (မှန်ပါ့) ရိုက်ချင်ရင်မန်နေဂျာရိုက်မှ နေရာကျတော့မှာပေါ့ဗျ. . (မှန်ပါ့) သဘောပါပလား. . (ပါပါပြီဘုရား)။

## တဏှာကြောက်ရမယ်

ဒါဖြင့် ဘာကြောက်ရမလဲ. . (တဏှာကြောက်ရပါတယ်) တဏှာကြောက်ရမယ်နော်. . (မှန်ပါ့) ကဲ. . ရေထဲမှာ ပုလဲငုတ်တယ်၊ ဦးခင်မောင် နာရီကလွှန်သွားတယ်. . (မှန်ပါ့) နာရီဝက်ငုတ်ရမည့်ဥစ္စာ အချိန်ကလွန်သွားတယ်၊ နာရီဝက်ငုတ်ရမည့်ဥစ္စာ အချိန်ကလွန်သွားတယ်၊ နာရီသုံးမတ်လောက်ကျသွားတယ်၊ သုံးမတ်ကြာရင်သေတာပဲ ဒီလူ. . (မှန်ပါ့) ဘာဖြစ်လို့တုံး ဟိုထဲမှာ ပုလဲရှာနေလို့၊ ပုလဲရှာတာ ကြာသွားလို့

. . (မှန်ပါ့) ရတာကလေးတွေက များတော့ ရသရွေ့အိတ်ကြီး ထဲထည့်နေလို့။

အင်း. . ကြုံတောင့်ကြုံခဲ ရခဲ့တာတွေမို့ အချိန်လွန် သွားတယ်ဆိုတော့၊ ကဲ. . ဒကာဒကာမတွေပဲ စဉ်းစားကြည့် ပါတော့တဲ့၊ ဒီပုလဲရှာတဲ့လူ အချိန်လွန်လို့ သေတာဟာ ကံမကောင်းလို့ သေတာလား၊ တဏှာကြောင့် သေတာ လား. . (တဏှာကြောင့် သေတာပါဘုရား) ဟုတ်ပါ့မလား . . . (ဟုတ်ပါတယ်ဘုရား)။

ဘယ်သူ့ကြောင့်သေတာတုံး . . (တဏှာကြောင့် သေတာပါဘုရား) ကဲ. . ဒါဖြင့် သေမင်းဟာသူပဲ. . (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီ)။

သေမင်းဟာ. . (သူပါပဲဘုရား) သဘောပါပလား. . (ပါပါပြီ) ခင်ဗျားတို့ကလဲ သေမင်းမိတ်ဆွေ လုပ်နေတဲ့လူစု (မှန်ပါ့ဘုရား) ဘယ့်နှယ့်ဆိုကြမယ်. . (သေမင်းမိတ်ဆွေ လုပ် လုပ်နေကြပါတယ်ဘုရား) ဦးသံဒိုင်တို့လူစု ဘာလုပ်နေကြသလဲ . . (သေမင်းမိတ်ဆွေလုပ်နေပါတယ်ဘုရား)။

## သတ်မည့်သူ့မိတ်ဆွေလုပ်နေတယ်

တော်တော်ထူ သေးတာပဲ. . (မှန်ပါ့ဘုရား) မဆိုထိုက် ဘူးလား. . (ဆိုထိုက်ပါတယ်ဘုရား) သေမင်းမိတ်ဆွေလုပ်ရ

အောင်လာတယ်ဆိုကတည်းက၊ သတ်မည့်သူ မိတ်ဆွေလုပ်နေတာ ဒီထက်အတဲ့လူ ဘယ်ရှာတွေ့ပါ့မလဲ . . . (မတွေ့ပါဘုရား) အဲ ဒါဉာဏ်ရောက်ရတယ်. . (မှန်ပါ့) ခင်ဗျားတို့က **အောက်မေ့နေတာက ဩော် . . ဒါကလေး တဏှာကလေးရှိလို့** လိုချင်တာ လိုချင်လည်း စိတ်ကလေးရှိလို့ ယူ-ယူလိုက်ရတယ်၊ **တော်တော် သေးတယ်၊ ဒီလိုပြောချင်ပြောနေတာ.** . (မှန်ပါ့) သေမင်းကို ကျေးဇူးတင်တယ်. . (မှန်ပါ့ဘုရား)။

စင်စစ်တော့ သေအောင်သတ်တာလဲ သူပဲ၊ ဒုက္ခရောက်အောင် လုပ်တာလဲ (သူပဲ) ရှင်းပလား. . (ရှင်းပါပြီ) ဒါကြောင့် သမုဒယသစ္စာလို့ သူ့ကိုခေါ်တာပေါ့ (မှန်ပါ့) သူက ဒုက္ခမျိုးစုံ၏ဖြစ်ကြောင်း. . (မှန်ပါ့) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်)။

ဒုက္ခမျိုးစုံ၏ (ဖြစ်ကြောင်းပါဘုရား) ဘယ်သူပါလိမ့်. . (တဏှာပါဘုရား) တဏှာသမုဒယ. . (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီ)။

## တဏှာချုပ်ရင်ကံအလိုလိုပျောက်တယ်

ကောင်းပြီ၊ ဒါဖြင့် တဏှာနဲ့ ကံ ယနေ့ရှင်းပါပြီ (မှန်ပါ့) ဘယ်ဟာကြောက်ရမှာလဲ. . (တဏှာကြောက်ရမှာပါဘုရား) ကံကိုမကြောက်နဲ့ (မှန်ပါ့) ကံကိုမကြောက်နဲ့ ဘာမှကြောက်

စရာမရှိဘူး၊ တဏှာချုပ်ရင် ကံ-အလိုလိုပျောက်တယ် (မှန်ပါ့ဘုရား)။

တဏှာချုပ်ရင် (ကံ-အလိုလိုပျောက်ပါတယ်ဘုရား) ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ တဏှာလဲချုပ်ပါရော၊ ဝေဿန္တရာ လက်ထက်ကကံတွေ အကုန်ပျောက်တယ် (မှန်ပါ့) အကျိုးပေးနိုင်သေးရဲ့လား (မပေးနိုင်ပါဘုရား) မပေးနိုင်ဘူးဆိုလို့ ရှိရင်ဖြင့် တဏှာ ချုပ်ရင် ကံပျောက်ပါတယ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

## တဏှာချုပ်အောင်လို့ဝိပဿနာရှုတာ

ဒါကြောင့် ဝိပဿနာရှုတာသည် ဒကာဒကာမတို့ ကံချုပ်အောင်လို့ ရှုနေတာလား၊ တဏှာချုပ်အောင်လို့ ရှုနေတာလား၊ . . . (တဏှာချုပ်အောင်လို့ ရှုနေတာပါဘုရား) ဒါကြောင့်မဂ်သည် ကံကိုဖြတ်သလား၊ တဏှာကိုဖြတ်သလား အကဲခတ်စမ်း. . . (တဏှာကိုဖြတ်ပါတယ်ဘုရား)။

**ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိမဂ္ဂေါ** 'လို့ဖွင့်တယ်. . . (မှန်ပါ့) မဟုတ်ဘူးလား. . . (ဟုတ်ပါတယ်ဘုရား) ကိလေသေ= ကိလေသာတို့ကို၊ မာရေန္တော=သတ်လျှက်၊ နိဗ္ဗာနံ ဂစ္ဆတိ=နိဗ္ဗာန်သို့ သွားတတ်၏။ ဣတိတသ္မာ=ထို့ကြောင့်၊ မဂ္ဂေါ= မဂ်ဉာဏ်မည်၏ အစရှိသည်နဲ့ ဟောထားတာကို ထောက်လိုက်တော့ ဩော်. . . ဒို့သည် အကြောက်လွဲနေပါ သေးကလား ဆိုတာ ပေါ်လာတယ် (မှန်ပါ့ဘုရား)။

# အကြောက်လွှဲနေကြတယ်

ဘာလွှဲနေသတုံး . . . (အကြောက်လွှဲနေပါတယ်ဘုရား) ဘယ်ဟာကြောက်ကြမလဲ . . . (တဏှာကြောက်ရပါမယ်ဘုရား) နောက်ကျတော့ ညည်းချင်လို့ရှိရင်၊ ခင်ဗျားတို့ ပါးစပ်ထဲမှာ အမှန်ညည်းကြပါနော် (မှန်ပါ့) သမုဒယကြောင့် ဒုက္ခဖြစ်ရလေ ခြင်း၊ ဒါကောင်းတယ် . . . (မှန်ပါ့ဘုရား) ကံမကောင်းလို့ဖြစ် ရလေခြင်းမလုပ်နဲ့ . . . (မှန်ပါ့)။

သမုဒယကြောင့် (ဒုက္ခဖြစ်ရလေခြင်း) အဲဒါ အမှန်ဆုံးပဲ . . . (မှန်ပါ့ဘုရား) သမုဒယကြောင့် (ဒုက္ခဖြစ်ရလေခြင်း) အဲ . . . ဒုက္ခဖြစ်ရလေခြင်းဆိုရင် တည့်ပြီ . . . (မှန်ပါ့) ကံမကောင်းလို့ ဖြစ်ရလေခြင်းဆိုရင် (မတည့်ပါဘုရား) တဏှာက ပြုံးနေမှာပေါ့။ လုပ်တော့ငါလုပ်တာကွာ ဟိုကောင်ပေါ် ကျနေတယ်၊ မပြုံးပေဘူးလား၊ ပြုံးမလား . . . (ပြုံးစရာပါဘုရား) . . . ရှင်းပလား . . . (ရှင်းပါပြီ)။

အဲဒါတဏှာက ပြုံးချင်လို့ ပြုံးရတာလား ခင်ဗျားတို့ အလိုပြုံးရတာလား (တပည့်တော်တို့အ-လိုပြုံးတာပါ) ဆန်ခိုး မမိဖွဲခိုးမိနေတာ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

ဒါဖြင့် ဒီလိုလုပ်ပါ၊ ခင်ဗျားတို့ တိုင်ခြေမှာဝပ်တဲ့ သားကောင် ခြောက်မျိုးရှိပါတယ်၊ အဲဒီ သားကောင်ခြောက်မျိုးကို တိုင်ခြေမှာဝပ်အောင်လုပ်ပါ . . . (မှန်ပါ့ဘုရား) မနောဒွါရ

အောက်ကို ရောက်အောင်လုပ်ပါ. . . (မှန်ပါ့) သဘောပါပလား. . . (ပါ-ပါပြီ)။

ဘယ်အောက်ရောက်အောင်လုပ်ရမယ် (မနောဒွါရအောက်ရောက်အောင်လုပ်ရပါမယ်) လိုက်မသွားနဲ့နော်. . . (မှန်ပါ့) သူ့အောက်ကိုရောက်အောင်လုပ်ရမယ်. . . (မှန်ပါ့)။

## ဝိပဿနာဉာဏ်အောက်ရောက်အောင်လုပ်ပါ

ဒါဖြင့် မြင်စိတ်ကိုလဲ ဝိပဿနာဉာဏ်အောက်ရောက်အောင်လုပ်. . . (မှန်ပါ့ဘုရား) ကြားစိတ်ကို (ဝိပဿနာဉာဏ်အောက်ရောက်အောင်လုပ်ရပါ့မယ်) နံစိတ်ကို (ဝိပဿနာဉာဏ်အောက်ရောက်အောင်လုပ်ရပါ့မယ်) စားစိတ်ကို. . . (ဝိပဿနာဉာဏ်အောက်ရောက်အောင် လုပ်ရပါမယ်) ယားစိတ်၊ ယံစိတ်၊ ကောင်းစိတ်ကို(ဝိပဿနာဉာဏ်အောက် ရောက်အောင် လုပ်ရပါမယ်) ကြံစိတ်၊ စည်စိတ်တွေကို. . . (ဝိပဿနာဉာဏ်အောက်ရောက်အောင် လုပ်ရပါမယ်)။

ဟာ. . . အဲဒါတိုင်ခြေဝပ်ပြီ (မှန်ပါ့) တိုင်ခြေဝပ်ပြီ၊ သားကောင် ခြောက်ကောင် တိုင်ခြေဝပ်ပါပြီ၊ ခင်ဗျားတို့ ဒီနေရာက နေပြီးသကာလ သူတို့ကိုသာလျှင်-တဲ့၊ မောတာနဲ့သူတို့ရပ်လို့ရှိရင်ဖြင့် သူတို့ကိုခင်ဗျားတို့က နိုင်ပါပြီ (မှန်ပါ့ဘုရား)။

အဲဒီကျတော့ **'ဖန္ဒနံ စပလံစိတ္တံ'** ဆိုတဲ့ အတိုင်းသူက တုန်တုန်လှုပ်လှုပ်နေရမှု ဒီစိတ်တွေဟာ ဖြစ်တယ်. . (မှန်ပါ့) **'ယတ္ထကာမ နိပါတိနော'** ဆိုတာ သူသွားချင်တဲ့ဆီသွားတာပဲ (မှန်ပါ့)

အဲဒါ ခင်ဗျားတို့က 'သွားခွင့်မပေးဘဲနဲ့၊ စိတ်ဆိုတာ သွားချင်တဲ့ဆီ သွားတာပဲ. . (မှန်ပါ့) ကဲ. . သွားချင်တဲ့ဆီမသွား ရဘူးကွ၊ တိုင်ခြေဝပ်ရမယ်ကွ၊ ရှင်းပလား. . (ရှင်းပါပြီ)။

ဘယ်ဝပ်ရမှာပါလိမ့် . . (တိုင်ခြေဝပ်ရမှာပါ) မနောဒွါရ တိုင်ခြေမှာ သူ့ကို ကြိုးခြောက်ချောင်းနဲ့ချည်ပြီး တုပ်ပြီးမနော ဒွါရငုတ်တိုင်နဲ့စိုက်ပြီး ဒီနေရာမှာ မောပြီးရပ်ပါစေ (မှန်ပါ့)။

ဘုရားက ဒါဟောတယ် (မှန်ပါ့) မောပြီးရပ်တဲ့အခါကျ တော့ ဘယ်သားကောင်မှ နာလန်ထူနိုင်သေးရဲ့လား. . (မထူနိုင် ပါဘူးဘုရား) သူတို့ပြေးချင်တဲ့ဆီပြေးရသေးရဲ့လား (မပြေးရပါ ဘုရား)။

## အနေမြဲပြီ၊ အသေမြဲပြီ

မပြေးရဘူး၊ အကုန်မောပြီး တိုင်ခြေမှာလာဝပ်ရတယ်. . (မှန်ပါ့) အဲဒီလိုဝပ်လို့ရှိရင်ဖြင့် ခင်ဗျားတို့အနေနဲ့လဲ မြဲပါပြီ. . (မှန်ပါ့) အသေကော. . (မြဲပါပြီဘုရား) အနေလဲမြဲပါပြီဆိုတာ သူတို့ဆွဲရာမပါတော့ဘူး. . (မပါတော့ပါဘုရား)။

အသေလဲ မြဲပါပြီဆိုတာက တခြားမဟုတ်ပါဘူး. . တဲ့၊ ဒကာ ဒကာမတို့ သူတို့ဆွဲရာပါလို့ရှိရင်ဖြင့် သေခြင်းဆိုးချည်းပဲ. . . (မှန်ပါ့)။

သူတို့ဆွဲရာမပါတော့ဘူးဆိုလို့ရှိရင် သေခြင်းဆိုး အဖြစ်တော့မရောက်တော့ပါဘူး. . (မှန်ပါ့ဘုရား) သဘောပါပလား . . (ပါပါပြီ)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမလဲ. . (တိုင်ခြေဝပ်အောင် လုပ်ရပါမယ်) တိုင်ခြေဝပ်အောင် လုပ်ရမယ်ဆိုတာ သဘောကျပလား. . (ကျပါပြီ)။

## ဘယ်စိတ်လာလာဖြစ်ပျက်ရှု

ဒါဖြင့် ဘယ်စိတ်လာလာ ဦးသံဒိုင် ဘယ့်နှယ်လုပ်ရမလဲ (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှု (မှန်ပါ့) ပေါ်ချင်တဲ့စိတ်ပေါ်၊ ဘာလုပ်ကြမလဲ (ဖြစ်ပျက်ရှုရပါမယ်)။

ဘာ့ကြောင့် ဖြစ်ပျက်ရှုရပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ ခင်ဗျားတို့ သန္တာန်ပုထုဇဉ်စိတ်ပဲရှိတယ် (မှန်ပါ့) ပုထုဇဉ် စိတ် ဟူသရွေ့လဲ မရှုကောင်းတဲ့ စိတ်ရယ်လို့ မရှိပါဘူး (မှန်ပါ့ဘုရား) ပုထုဇဉ်စိတ် ဟူသရွေ့ဟာ (မရှုကောင်းတဲ့စိတ် မရှိပါဘုရား)။

ဒါကြောင့် ရှင်သာရိပုတ္တရာက ဟောပါတယ်၊ မင်းဟာသူတစ်ပါးစိတ် အကဲခတ်ရတာ မှားတယ်-မှန်တယ် နှစ်မျိုးရှိတယ်ကွ၊ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်နိုင်လို့ရှိရင် နိဗ္ဗာန်ရောက်ပါတယ်တဲ့. . (မှန်ပါ့ဘုရား) ဘာတဲ့တုံး. . (ကိုယ်စိတ်ကိုယ် အကဲခတ်နိုင်ရင် နိဗ္ဗာန်ရောက်ပါတယ်. . . တဲ့)။

ဟော. . . ဘာစိတ်ဖြစ်တယ်ဆိုရင် ဖြစ်ဖြစ်ချင်း သိအောင်ဖြစ်ပျက်ရှုပစ်ပါ. . . (မှန်ပါ့) ဟော. . ဒုတိယစိတ်ဖြစ်လာတယ်ဆိုရင် ဖြစ်ဖြစ်ချင်း. . (ဖြစ်ပျက်ရှုရပါမယ်) စိတ်ထဲရှုတော့သူဟာ လောဘစိတ်ပဲ၊ မင်းလဲ ဖြစ်ပျက်ရှုရမယ်၊ ဒေါသစိတ်လာရင်လဲ. . (ဖြစ်ပျက်ရှုပါမယ်ဘုရား)။

အင်း. . . ဟင် မင်းဟာ ပဋိစ္စသမုပ္ပါဒ် စတော့မလို့ဆိုတော့ ကိုယ့်စိတ်ကိုတော့ သိတယ်. . (မှန်ပါ့) သူတစ်ပါးစိတ်ကိုတော့. (မသိပါဘုရား) မသိဘူးတဲ့ မှားသည်ရှိ မှန်သည်ရှိ ရှိပါတယ်တဲ့. . (မှန်ပါ့)။

ဒါဖြင့် ကိုယ့်စိတ်ကို ကိုယ်သိတဲ့ ပုဂ္ဂိုလ်သည် ဒကာဒကာမတို့ ဝိပဿနာဉာဏ်ရတဲ့ ပုဂ္ဂိုလ်လို့ မှတ်လိုက်ပါ. . (မှန်ပါ့ဘုရား) ကိုယ့်စိတ်ကိုယ်သိနိုင်တဲ့ ပုဂ္ဂိုလ်ဟာ. . (ဝိပဿနာဉာဏ်ရတဲ့ ပုဂ္ဂိုလ်ပါဘုရား) အိပ်တဲ့စိတ်မှတစ်ပါး ကျန်တဲ့စိတ်တွေကို အကုန်ရှုပစ်ရမယ်. . (မှန်ပါ့) အိပ်တဲ့စိတ်မှတစ်ပါး (ကျန်တဲ့စိတ်တွေ အကုန်ရှုရပါမယ်ဘုရား)။

## အိပ်တဲ့စိတ်ဆိုတာဘဝင်စိတ်

အိပ်တဲ့စိတ်ဆိုတာက မပြောပါနဲ့တဲ့၊ ကိုယ်အိပ်တာကို မသိလို့ ရှုစရာမလိုပါဘူး. . (မှန်ပါ့ဘုရား) ကောင်းကျိုးလဲ မပေးဘူး၊ ဆိုးကျိုးလဲမပေးဘူး၊ အဲဒီစိတ် ဘဝင်စိတ်ဆိုတာက . . (မှန်ပါ့ဘုရား) သဘောပါရဲ့လား. . (ပါ-ပါတယ်ဘုရား)။

ကျန်တဲ့ ဇောစိတ်ဟူသရွေ့ကိုဖြင့် ဦးသံဒိုင်တို့၊ မောင်သစ်တို့က မမိ မိအောင် ရှုရမယ်. . (မှန်ပါ့ဘုရား) ဇောကမှ အကျိုးပေးတာ၊ ဘဝင်က အကျိုးမပေးဘူး. . (မှန်ပါ့)။

ဘဝင်ကနောက်ဘဝ ဒီဘဝ ဘယ်တော့မှ အကျိုးပေး ရိုးထုံးစံမရှိဘူး. . (မှန်ပါ့). . ရှင်းပလား. . (ရှင်းပါပြီ)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမယ်. . (ပေါ်ချင်တဲ့စိတ် ပေါ် ပေါ်ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲ. . ကိုယ့်သန္တာန်မှာ ပုထုဇဉ်စိတ်မှတစ်ပါး တခြား စိတ်မပေါ်ပါဘူး. . (မပေါ်ပါဘူးဘုရား)။

အဲဒီတော့ ပုထုဇဉ်စိတ် ပေါ်သရွေ့ကို အရိယာစိတ် ပြောင်းလိုက်ပါ. . (မှန်ပါ့ဘုရား) ရှင်းပြီးနော်. . (ရှင်းပါပြီ) ပုထုဇဉ်စိတ် ပေါ်သရွေ့ကို (အရိယာစိတ်ပြောင်းရပါမယ်)။

## အရိယာစိတ်ပြောင်းလိုက်ပါ

အရိယာစိတ်ပြောင်းလိုက်ပါဆိုတာက ပုထုဇဉ်စိတ်

ပေါ်လာလို့ရှိရင်ဖြင့်. . တဲ့၊ ဒီက ဖြစ်ပျက်ကိုရှုနိုင်တဲ့ အရိယာစိတ်ပြောင်းလိုက်. . (မှန်ပါ့ဘုရား)။

ပြောင်းလိုက်လို့ ရှိရင်ဖြင့်. . တဲ့၊ အခုရှုနိုင်တဲ့ညာဏ်နဲ့ နေနိုင်တဲ့ ပုဂ္ဂိုလ်ဟာ အရိယာဖြစ်ရမယ်. . (မှန်ပါ့) ရှင်းပလား. (ရှင်းပါပြီ) ရှုနိုင်တဲ့ညာဏ်နဲ့ နေနိုင်တဲ့ ပုဂ္ဂိုလ်ဟာ. . (အရိယာဖြစ်ရမယ်) ဘာပြောင်းယူတာတုံး၊ အို. . ပုထုဇဉ်စိတ်ကို အရိယာစိတ် ပြောင်းယူတာ. . . (မှန်ပါ့ဘုရား) ရှင်းပလား. . (ရှင်းပါပြီ)။

ဘယ်လိုမှတ်ကြမယ်. . (ပုထုဇဉ်စိတ်ကို အရိယာစိတ် ပြောင်းယူတာပါဘုရား)။

အဲဒိပဿနာရှုဆိုတာ ကုသိုလ်ရအောင် ရှုတာလား၊ စိတ်ပြောင်းတာလား . . (စိတ်ပြောင်းတာပါဘုရား)။

ဦးသံဒိုင် ဒါသေသေချာချာမှတ်ပါ. . (မှန်ပါ့) တော်တော် အရေးကြီးတဲ့ စကားလို့မှတ်ပါ. . (မှန်ပါ့ဘုရား)။

ပုထုဇဉ်စိတ်ဟူသရွေ့ကို အရိယာအဖြစ်ကို ပြောင်းတာပါ (မှန်ပါ့) သဘောကျပလား. . (ကျပါပြီ) ပုထုဇဉ်စိတ်ကို (အရိယာအဖြစ်သို့ ပြောင်းတာပါ) ဘယ်လိုပြောင်းရမှာပါလိမ့် . . (ဖြစ်ပျက်ရှုရမှာပါ) ပဌမ ပုထုဇဉ်စိတ်တွေ လာလိမ့်မယ် . . တဲ့၊ ဟုတ်လား. . (မှန်ပါ့) ပုထုဇဉ်စိတ်တွေချည်းပေါ်မယ် . . (မှန်ပါ့) ပုထုဇဉ်စိတ်တွေချည်း ပေါ်တာကိုခင်ဗျားတို့က

မိအောင်ရှုနိုင်လို့ရှိရင်ဖြင့် ဒါ. . အရိယာဖြစ်တာပဲ (မှန်ပါ့)
သဘောကျပလား. . (ကျပါပြီ)။

## ဖြစ်ပျက်မြင်အောင်ရှုမှမဂ်စိတ်ပေါ်တယ်

ဒါဖြင့် အရိယာကမွေးလို့ အရိယာဖြစ်သည် မဟုတ်ဘူး (မှန်ပါ့) ပုထုဇဉ်စိတ်ကို ရှုနိုင်လို့ အရိယာဖြစ်တာ. . (မှန်ပါ့) ပုထုဇဉ်စိတ်ကို. . . (ရှုနိုင်လို့ အရိယာဖြစ်တာပါဘုရား) ပုထုဇဉ်စိတ်ကို ဖြစ်ပျက်မြင်အောင်ရှုသောကြောင့် မဂ်စိတ်ပေါ်တယ်. . (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ ယနေ့တရားမှာ တိုင်ခြေမှာဝပ်တဲ့သားကောင် ခြောက်ကောင်ကို ဘုရားက ဥပမာပြတယ်၊ တိုင်ခြေမှာဒွါရခြောက်ပေါက်မှာ ဖြစ်တဲ့ စိတ်ဟာ ပုထုဇဉ်စိတ်တွေ. . (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီ)။

အဲဒီ ပုထုဇဉ်စိတ်က ခင်ဗျားတို့ ပြောင်းလိုက်လို့ ရှိရင်လဲအရိယာဖြစ်နိုင်တယ်. . (မှန်ပါ့ဘုရား) မပြောင်းတတ်လို့ရှိရင် ပုထုဇဉ်စိတ်ချည်း တန်းပေါ်တယ်. . (မှန်ပါ့)။

မပြောင်းတတ်ရင်. (ပုထုဇဉ်စိတ်ချည်း တန်းပေါ်ပါတယ်ဘုရား) မြင်တယ်၊ ဥပမာအားဖြင့် ခံစားမယ်ဆိုတော့ ပုထုဇဉ်စိတ်ပေါ်တာပဲ၊ လိုချင်တယ်ဆိုတော့ . (ပုထုဇဉ်စိတ်ပါ) စွဲလမ်းတယ်ဆိုတော့ (ပုထုဇဉ်စိတ်ပါ) အားထုတ်မယ်ဆိုတော့

(ပုထုဇဉ်စိတ်ပါဘုရား) ပုထုဇဉ်စိတ်တွေချည်း ပေါ်နေတယ်. (မှန်ပါ့)။

အဲဒီစိတ်တွေကို ခင်ဗျားတို့မပေါ်ရအောင် မြင်စိတ်ဖြစ်ပျက်ရှုလိုက်တော့ကို ပုထုဇဉ်စိတ်ပျောက်ပြီး အရိယာစိတ်ရောက်တယ်. . (မှန်ပါ့)။

ကြားစိတ်ဖြစ်ပျက်ရှုလိုက်တော့. . . (ပုထုဇဉ်စိတ်ပျောက်ပြီး အရိယာစိတ် ရောက်ပါတယ်ဘုရား)။

အဲ. . ပုထုဇဉ်စိတ်ကအပျောက်. . (မှန်ပါ့) အရိယာစိတ်က (အရောက်ပါဘုရား) ဆိုတော့ သေချာပလား. (သေချာပါပြီ)။

**ပုထုဇဉ်စိတ်ကိုဖြစ်ပျက်ရှုမှ၊ အရိယာဖြစ်မယ်**

ဒါဖြင့် အရိယာဖြစ်ချင်လို့ ရှိရင်ဖြင့် ပုထုဇဉ်စိတ်ကို ဖြစ်ပျက်ရှုမှ အရိယာအဖြစ်သို့ရောက်မယ်. . (မှန်ပါ့) ပုထုဇဉ်အဖြစ်ကို ပုထုဇဉ်ကိုမရှုနိုင်လို့ရှိရင် အရိယာအဖြစ်သို့ မရောက်ပါဘူး. . (မရောက်ပါဘုရား)။

တစ်ခါသွားဦး၊ သောတာပန်သန္တာန်ဖြစ်တဲ့စိတ်ကို ရှုပါမှ သကဒါဂါမ်ဖြစ်မယ်. . (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

သောတာပန်သန္တာန်ဖြစ်တဲ့စိတ်တွေ ဟူသရွေ့ ဖြစ်ပျက်ရှုနိုင်မှ (သကဒါဂါမ်ဖြစ်ပါတယ်ဘုရား) သကဒါဂါမ် သန္တာန်

ဖြစ်တဲ့ စိတ်တွေရှုနိုင်မှ. . (အနာဂါမ်ဖြစ်ပါတယ်) အနာဂါမ် သန္တာန်ဖြစ်တဲ့ စိတ်တွေ ရှုနိုင်မှ. . (ရဟန္တာဖြစ်ပါတယ်ဘုရား)။

ကဲ. . ဒါဖြင့် ဒကာ ဒကာမတို့ စိတ်ပြောင်းဟာ အရေး ကြီးလာပြီ. . (မှန်ပါ့ဘုရား) သဘောပါလား (ပါပါ့ပြီ)။

ဘာအရေးကြီးသလဲ. . (စိတ်ပြောင်းတာအရေးကြီး ပါတယ်ဘုရား) ပြောင်းတတ်ပလား (ပြောင်းတတ်ပါပြီဘုရား)။

ကဲ- ဒါဖြင့် ပြောင်းတတ်လို့ရှိရင်ဖြင့် ခင်ဗျားတို့ အရိယာဖြစ်ရပါလို၏ ဆုတောင်းရမှာလား၊ ရှုတဲ့ပုဂ္ဂိုလ်ဟာ ပြောင်းနေတာပဲလို့ ဆိုတာ ဝေဖန်လိုက်ကြစမ်းပါ . . . (ရှုတဲ့ ပုဂ္ဂိုလ်ဟာ ပြောင်းနေတာပါဘုရား)။

## ဝိပဿနာမရှုရင်အရိယာမဖြစ်

ရှုတဲ့ပုဂ္ဂိုလ်ဟာ၊ ပြောင်းနေတာ. . (မှန်ပါ့) မရှုတဲ့ ပုဂ္ဂိုလ် ဟာ. . (မပြောင်းပါဘုရား)။

ဒါဖြင့် ဝိပဿနာမရှုဘဲနဲ့လဲ အရိယာ ဘယ်သူမှ ဖြစ်မှာ မဟုတ်ဘူး (မဖြစ်ပါဘုရား) ဘာကြောင့်တုံး. . . မပြောင်းမိလို့ (မှန်ပါ့ဘုရား) ရှင်းပလား. . (ရှင်းပါပြီ) ယနေ့ တရားမှာ သဘောပါပလား. . (ပါ-ပါပြီဘုရား)။

ကဲ. . . အချိန်စေ့ပြီ ယနေ့ညတော်ဦးစို့. . . ။

သာဓု. . . သာဓု. . . သာဓု။